မြဝတီ
နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၆)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၅၇၁၈၂ ဧက စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၅၈၈၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးရာ မြေပဲ ၅၇၁၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူခရိုင်မှာ မြေပဲ ၅၈၈၀၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ မြေပဲ ၅၇၁၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် **စာမျက်နှာ ၁၄ ကော်လံ ၅ ❑**



**ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ ဆက်ကပ်လှူဒါန်း**

စာ - ၁၁ သို့

**စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်း ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၉၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာ - ၁၁ သို့

## ယနေ့ ဗတ်စရာ

**၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုဆောင်းပါး**

**ဒစ်ဂျစ်တယ်အရွေ့နှင့် ယနေ့လူငယ်**

စာ - ၁၃ သို့



**သစ္စာတရားခိုင်မြဲမှု၏ သင်္ကေတ၊ အောက်ချင်းငှက်နှင့် မျိုးသုဉ်းမှုအန္တရာယ်**

စာ - ၂၆ သို့

**၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ**



စာ - ၇ သို့

၁၁-၈-၂၀၂၄

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | |
|---|---|---|---|
| ထားဝယ် | ၂ | ဒသမ | ၆၈ လက်မ |
| မချမ်းဘော | ၁ | ဒသမ | ၉၃ လက်မ |
| ရေး | ၁ | ဒသမ | ၈၉ လက်မ |
| မုဒုံ | ၁ | ဒသမ | ၆၁ လက်မ |
| ကျိုက်လတ် | ၁ | ဒသမ | ၅၀ လက်မ |
| မြစ်ကြီးနား | ၁ | ဒသမ | ၁၀ လက်မ |
| ဖျာပုံ | သုည | ဒသမ | ၉၈ လက်မ |
| ချောင်းဆုံ | သုည | ဒသမ | ၇၉ လက်မ |
| ရှမ်းရွာသစ် | သုည | ဒသမ | ၇၅ လက်မ |




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်)

# လူငယ်များနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုအခန်းကဏ္ဍ

ပညာတတ်နိုင်ငံသားများ အများဆုံးရှိသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံအဖြစ်ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပေသည်။ ပညာတတ်နိုင်ငံသားများဆိုသည်မှာ အရည်အချင်းကိုဆိုလိုပြီး အများဆုံးရှိသည်ဆိုသည်မှာ အရေအတွက်ကိုဆိုလိုခြင်းဖြစ်သည့်အတွက် ကျွန်ုပ်တို့နိုင်ငံတွင်လည်း အရေအတွက်ရော၊ အရည်အချင်းပါ ပြည့်စုံသည့်နိုင်ငံသားများ အများအပြားရှိရန်လိုအပ်ပေသည်။ မိမိနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယနေ့အချိန်အခါတွင် နည်းပညာဆိုင်ရာစိန်ခေါ်မှုမျိုးစုံ ကြုံတွေ့နေရသဖြင့် နိုင်ငံတိုင်းရှိ လူသားအရင်းအမြစ်များတွင် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုရှိစေရေး များစွာလိုအပ်ပေသည်။ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက်ဆောင်ပုဒ်မှာ **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့်ဖော်ဆောင်ပေး” "From Clicks To Progress: Youth Digital Pathways For Sustainable Development"** ဖြစ်သည်။

လူငယ်များ၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုရန် ၁၉၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ Vienna မြို့၌ ပထမအကြိမ် လူငယ်ဖိုရမ်ကိုကျင်းပခဲ့သည်။ အဆိုပါဖိုရမ်မှ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကျင်းပနိုင်ရန် အဆိုပြုခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ၌ ကုလသမဂ္ဂနှင့်ပူးပေါင်း၍ ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံက ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ်အကြံပြုခဲ့သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်အမှတ်(၅၄/၁၂၀)ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာလူငယ်များနေ့”**အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့၏ဆောင်ပုဒ်သည် ဒစ်ဂျစ်တယ်နည်းပညာများဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များ၏နည်းပညာကျွမ်းကျင်မှုများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ အရည်အသွေးမြင့်သည့်ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့်အလုပ်အကိုင်များကိုရရှိနိုင်သည်။ ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာမည်ဖြစ်သည်။ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များသည် ခေတ်နှင့်လျော်ညီသည့် ဒစ်ဂျစ်တယ်နည်းပညာဖန်တီးမှုများကို တီထွင်နိုင်လျှင် မိမိတို့နိုင်ငံသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပေမည်ဖြစ်သည်။

ထို့အတူ လူငယ်များ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှုအနာဂတ်အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရန်အတွက် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ အဆိုပါမူဝါဒနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄)တွင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့်အခြားဘေးဖြစ်စေတတ်သည့်အန္တရာယ်များကဏ္ဍ၊ အားကစားနှင့်အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့်နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကဏ္ဍ၊ ကျား/မ ညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍ၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍဟူ၍ ကဏ္ဍ(၁၆)ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်များကိုအထူးအလေးထားသောအားဖြင့် လူငယ်များ၏အနာဂတ်ကောင်းများကိုဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လူငယ်များပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်နိုင်ရေးရည်ရွယ်လျက် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးမည့်လူငယ်များအနေဖြင့် မိမိတို့၏အခြေခံအရည်အသွေးများ တိုးတက်မြင့်မားလာစေရေး နိုင်ငံ့ရေးရာများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်ရေးအတွက် ခေတ်နှင့်လျော်ညီသည့် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုတို့ရှိရန် သင်ယူလေ့လာကာ ကျွမ်းကျင်အဆင့်ထိရောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။




# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဩဂုတ် ၁၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၂၄(တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၂၅ ဆောင်းပါးပေါ်ကစာစုများ
၆။ ၁၁:၁၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၂:၀၀ ၁၂ လရာသီမှတ်တမ်း
၈။ ၁၂:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၉။ ၁၇:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၀။ ၁၈:၀၅ အမျိုးသားရေးတေးကဗျာ
၁၁။ ၁၈:၁၅ Movies and Movies
၁၂။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ ဒါနည္တ၊ ဓမ္မစရိယာမ**
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေး၌ ရာသီပေါ်သီးနှံဖြစ်သောနာနတ်သီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေး၌ ယခုလအတွင်း ရာသီပေါ်သီးနှံဖြစ်သော နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သီရိမင်္ဂလာဈေးမှ ဈေးတာဝန်ခံ ဦးအောင်လင်းဦး၏ပြောဆိုချက်အရ သိရသည်။

ယခုအခါ သီရိမင်္ဂလာဈေးသို့ ရှမ်းပြည်နယ်မှ စိုက်ပျိုးထွက်ရှိသော နာနတ်သီးများ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး အဆိုပါနာနတ်သီးများတွင် အချိုသီးများသည် အရသာအကောင်းဆုံးနှင့် လူကြိုက်အများဆုံးဖြစ်သည်။

"အခုမိုးရာသီကာလမှာ သီရိမင်္ဂလာဈေးကို နေ့စဉ် သစ်သီးကုန်တင်ယာဉ် အစီးရေ ၁၉ စီးလောက်နဲ့ ကုန်ပိဿာချိန် နှစ်သိန်းဝန်းကျင် ဝင်ရောက်နေပြီး လက်ရှိဝင်ရောက်နေတဲ့ သီးနှံတွေထဲမှာ ရာသီပေါ်သီးနှံဖြစ်တဲ့ နာနတ်သီးက အရောင်းအဝယ်အကောင်းဆုံးဖြစ်ပါတယ်။ လက်ရှိမှာ နာနတ်သီးတွေကို အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးသတ်မှတ်ရောင်းချနေပါတယ်" ဟု ဦးအောင်လင်းဦးကပြောသည်။

သီရိမင်္ဂလာဈေး၌ သစ်သီးဆိုင်ခန်းပေါင်း ၂၅၀ ခန့်ရှိပြီး ထိုသစ်သီးဆိုင်များသို့ ဝင်ရောက်လာသော သစ်သီးဝလံများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက တခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

အဆိုပါ သီရိမင်္ဂလာဈေးရှိ ဈေးရုံပေါင်း ၁၄ ရုံ၌ စုစုပေါင်းဆိုင်ခန်း ၄၀၀၀ ကျော် ဖွင့်လှစ်ထားကာ နေ့စဉ် အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာသော ကုန်စိမ်း၊ ပန်း၊ သစ်သီးဝလံ၊ ကွမ်းစသည့်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

လက်ရှိတွင် သီရိမင်္ဂလာဈေး၌ ရောင်းဝယ်ဖောက်ကားချိန်ကို နံနက် ၄ နာရီမှ ည ၇ နာရီအထိသတ်မှတ်ထားပြီး ယင်းအချိန်နောက်ပိုင်းတွင် ကုန်ပစ္စည်းများတင်ဆောင်လာသော ကုန်တင်ယာဉ်များ ရောက်ရှိလာပါကလည်း ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုကြောင်း သိရသည်။

**ဆောင်းဦး**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရ

ပန်းတနော် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မာမာအေး၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ ငါးမြစ်ချင်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလည်း ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်က ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တွေက ငါးမြစ်ချင်းအပါအဝင် တခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်" ဟု ဒေါ်မာမာအေးကပြောသည်။



ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်များဖြင့် အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဖောင်းပြင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၈၁၀၂ ဧကစိုက်ပျိုးပြီးစီး

ဖောင်းပြင် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၈၁၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖောင်းပြင်မြို့နယ်၌ မိုးစပါးဧက ၅၄၅၅၀ စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိတွင် ၁၈၁၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖောင်းပြင်မြို့နယ်မှာ မိုးစပါးဧက ၅၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာလည်း အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ စိုက်ပျိုးနည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားကျရောက်မှုကာကွယ်နိုင်ဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်'' ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ကပြောသည်။


ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဖောင်းပြင်မြို့နယ်၌ မိုးစပါးဧက ၅၄၅၁၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် မေလမှ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ မိုးစပါးဧက ၅၃၉၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖောင်းပြင်မြို့နယ်၌ ဆင်းကေရီ-၃၊ ရောမင်း၊ မှော်ဘီ-၂၊ ရွက်သေး၊ သုခရင်၊ ကောက်ညှင်း စသည့်စပါးမျိုးများကို စိုက်ပျိုးကြပြီး မိုးစပါးများကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်၊ တခြားဆည်၊ ကန်ရေတို့ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ်တွင် ဖောင်းပြင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးဆောင်ရွက်ပေးခြင်း၊ နည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်းနှင့် ပျိုးထောင်နည်း လက်တွေ့ပြသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## မဝ ကာတွန်း



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

အမှန်မှာ ကမ္ဘာကြီးပူနွေးမှု၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဖြစ်ပေါ်စေသောနိုင်ငံများမှာ အမေရိကန်၊ တရုတ်နှင့် ဥရောပနိုင်ငံများပင်ဖြစ်သည်။ အမေရိကန်နှင့်တရုတ်သည် နှစ်စဉ် ကမ္ဘာ့ $CO_2$ ပမာဏ၏ ၄၃ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဥရောပနိုင်ငံများက ၂၇ ရာခိုင်နှုန်းကိုလည်းကောင်း အသီးသီးထုတ်လွှတ်နေကြသည်။

COP21 ၏ လုပ်ငန်းစဉ်မှာ နိုင်ငံတိုင်းက မိမိနိုင်ငံအခြေအနေအရ သီးခြားစဉ်းစားပြီး ငါးနှစ်တစ်ကြိမ် သိသာသောခြေလှမ်းများ တင်ပြကြရန်ဖြစ်သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင်တက်လာသော American First ဟုဆိုသော သမ္မတကြီးက COP21 မှ နုတ်ထွက်ခဲ့သည်။ လက်မှတ်ထိုးပြီး ပြန်လည်နုတ်ထွက်သည့်နေရာတွင်လည်း American First ဖြစ်ခဲ့သည်။ ယခု ပြန်လည်ပူးပေါင်းပြန်ပြီဟုဆိုသည်။ ဤဖြစ်ရပ်ကို ကြည့်ပါက $CO_2$ လျှော့ချရေးကို လုပ်ရကောင်းမှန်းသိသည်။ သို့သော် $CO_2$ လျှော့ချမှုကို အင်တိုက်အားတိုက်လုပ်လိုက်သည့်နိုင်ငံသည် ရုတ်တရက်စီးပွားရေးတန့်သွားနိုင်သည်ကို အားလုံးကသိနေကြ၍ အသံသာကျယ်ပြီး လက်တွေ့ဆောင်ရွက်ရန် လက်တွန့်နေကြခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြား နှစ် ၃၀ အတွင်း ၉၇ မီလီမီတာ(၄ လက်မခန့်) မြင့်တက်လာသည်ဟု အမေရိကန်နိုင်ငံ National Aeronautic and Space Administration (NASA)၏ ထုတ်ပြန်ချက်အရ သိရသည်။ ၁၉၀၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်ကြားတွင် မီလီမီတာ ၂၀၀ ခန့် (သုည ဒသမ ၆၅ ပေ) မြင့်တက်လာသည်ဟုဆိုသည်။

ခန့်မှန်းမှုများကတော့ မျိုးစုံကွဲပြားနေကြသည်။ ၂၁၀၀ ပြည့်နှစ်တွင်မူ ပင်လယ်ရေမျက်နှာပြင်သည် ၂ ဒသမ ၄ မီတာ(၈ ပေ)အထိ မြင့်တက်မည်ဟုဆိုသူများပင်ရှိသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မှ မီယာမီ (Miami)မြို့၊ နယူးဂျာစီပြည်နယ်မှ အတ္တလန်တစ် ( Atlantic)မြို့၊ ဖလော်ရီဒါပြည်နယ်မှ ကီးဝက်စ် (Key West)မြို့၊ တက္ကဆက်ပြည်နယ်မှ ဂယ်ဗီတွန်(Galveston)မြို့၊ ဝါရှင်တန်ပြည်နယ်မှ ဆီတဲလ် (Seattle) မြို့၊ ဖလော်ရီဒါပြည်နယ်မှ စိန့်ပီတီကမ်းခြေ (St.Pete Beach)၊ ဂျော်ဂျီယာပြည်နယ်မှ တိုင်ဘီကျွန်း(Tybee Island)ထက်ဝက်ခန့်၊ တောင်ကာရိုလိုင်းနားမှ ချာလီစတွန် (Charleston Central )မြို့ ထက်ဝက်ခန့်၊ လူစီရာနာပြည်နယ်မှ နယူးအော်လင်(New Orleans) မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်မှ လော့စ်အိန်ဂျလိစ် (Los Angeles) မြို့ တစ်စိတ်တစ်ပိုင်း၊ ကယ်လီဖိုးနီးယားပြည်နယ်မှ ဆန်ဒီယာဂို (San Diego) မြို့ ကမ်းခြေနှင့်လမ်းများ၊ ဖလော်ရီဒါပြည်နယ်မှ ဖို့တ်လောက်ဒါဒေး (Fort Lauderdale)မြို့၊ နယူးဂျာစီပြည်နယ်မှ ဟိုဘိုကန် (Hoboken)မြို့၊ ဟာဝိုင်ရီကျွန်းမှ ဟိုနိုလူလူ(Honolulu)မြို့၊ နယူးယောက်ပြည်နယ်မှ နယူးယောက် (New York)မြို့ စသည့်မြို့ကြီးများ၏ အစိတ်အပိုင်းအတော်များများသည် ၂၁၀၀ ပြည့်နှစ်အတွင်း ပင်လယ်ရေအောက်မြုပ်သည်အထိ ခံစားကြရလိမ့်မည်ဟုဆိုသည်။

> ***"ရာသီဥတုပူပြင်းလာသည်နှင့်အမျှ သစ်တောများမီးလောင်မှုပိုများလာမည်။ သစ်တောများသည် လူတို့၏ နေ့စဉ်ဘဝလိုအပ်ချက်များဖြစ်သော ရာသီဥတုအေးမြစေရေး၊ စားဝတ်နေရေးတို့ကို ပံ့ပိုးပေးနေသကဲ့သို့ ကမ္ဘာ့လေထုထဲမှ $CO_2$ ကိုလည်း စုပ်ယူပေးနေသည်။ အောက်ဆီဂျင်ကိုလည်းထုတ်လုပ်ပေးနေသည်။ မိုးရွာသွန်းမှုကြောင့် မြေပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်မည့် မိုးရေကိုထိန်းပေးပြီး မြစ်ချောင်းများ သဲနုန်းပို့ချမှုကိုလည်းလျှော့ပါးစေသည် . . ."***

အလားတူပင် တချို့ကျွန်းနိုင်ငံများအပါအဝင် မိမိတို့နှင့်အလှမ်းမဝေးသော နိုင်ငံတချို့၏ ပင်လယ်ကမ်းစပ်မြို့ကြီးများ ပင်လယ်ရေအောက်သို့ နောင်အနှစ် ၁၀၀ အတွင်း ရောက်ရှိသွားနိုင်သည်။ ဤသည်မှာ ဝင်ရိုးစွန်းရေခဲတောင်များ အရည်ပျော်ဆင်းမှုမြင့်မားခြင်း၏ အကျိုးဆက်ဖြစ်သည်။

နောက်ထပ်တွေ့ကြုံလာရမည့်ဒုက္ခမှာ ကြီးမားသောမုန်တိုင်း၊ မမျှော်လင့်ထားသော မိုးရေချိန်လက်မတို့ ဖြစ်ပေါ်လာမည်။ အကြောင်းမှာ ပင်လယ်ရေပို၍ပူလာလျှင် ပို၍အငွေ့ပျံမည်။ ရေငွေ့ပိုထွက်လာမည်။ မုန်တိုင်းများ၊ တိမ်တိုက်ကြီးများ ပုံမှန်ဖြစ်စဉ်ထက် ပို၍ ကြီးမားမည်။

အရေးအကြီးဆုံးကိစ္စရပ်တစ်ခုကို အကြံပေးလိုသည်။ ၎င်းမှာ ဆောင်ရွက်ထားပြီးသော ရေလှောင်တမံများ၏အခြေအနေတွေကို ပြန်လည်ဆန်းစစ်ရန် လိုလာပါပြီ။ မူလရေပိုလွှဲအရွယ်များကို ပြန်လည်၍ တိုးချဲ့ပြုပြင်ခြင်း သို့မဟုတ် နောက်ထပ်အကူရေပိုလွှဲပြုလုပ်ပေးခြင်း၊ တာတမံများပေါ်မှ ရေအလွယ်တကူကျော်မကျနိုင်စေရန် လိုအပ်သောအစီအစဉ်များ ဆောင်ရွက်မှုများကို ယခုပင်စတင်သင့်ပြီဖြစ်သည်။ မူလဖြစ်နိုင်ခြေအမြင့်ဆုံးစီးဝင်ရေမျှော်မှန်းချက် (Flood) များကို လက်ရှိအခြေအနေအရ ပြန်လည်စဉ်းစားတွက်ချက်ပြီး အကာအကွယ်များပြုလုပ်သင့်ပြီဖြစ်သည်။ တာတမံတစ်ခုခုဖြစ်လျှင် ရေလှောင်ပမာဏအပေါ်မူတည်ပြီး လူဦးရေသိန်းချီ၍ ဒုက္ခရောက်သွားနိုင်သည်ကို တာဝန်ရှိသူများ မမေ့လျော့သင့်ကြောင်း ထပ်လောင်းအကြံပြုပါသည်။ နောင်တည်ဆောက်မည့်တာတမံများတွင်လည်း ဤကိစ္စအထူးအလေးအနက်ထားစေလိုသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ပုံမှန်ထက်ထူးခြားသော မိုးရွာသွန်းမှုများ၊ ပုံမှန်ထက်ပို၍ ပူပြင်းမှုများကြောင့် စိုက်ပျိုးရေးထွက်ကုန်များ ကမောက်ကမဖြစ်လာနိုင်သည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသောနိုင်ငံတချို့တွင် မမျှော်လင့်ဘဲ စီးပွားရေးအခက်အခဲ၊ နိုင်ငံရေးအခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်။

နှစ်စဉ် ပုံမှန်ထက်ပို၍ ပူသောရက်များ ကြုံလာရနိုင်သည်။ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Death Valley National Park တွင် အပူချိန်မှာ ၅၄ ဒသမ ၄ စင်တီဂရိတ် (၁၃၀ ဒီဂရီဖာရင်ဟိုက်)အထိ ပူပြင်းမှုသည် ၂၀၁၃ ခုနှစ်က ပူခဲ့သော ၅၄ ဒီဂရီစင်တီဂရိတ်ကို စံချိန်ချိုးခဲ့ပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အနောက်တောင်ဘက်တစ်လျှောက် အပူလှိုင်းဖြတ်ခဲ့သည်။ လူများပြင်ပတွင်နေထိုင်၍မရသည့် အပူချိန်ဖြစ်သည်။ လူတစ်ဦးသည် ၄၅ ဒီဂရီစင်တီဂရိတ်အထိ ပူပြင်းသောပတ်ဝန်းကျင်တွင်ပင် အန္တရာယ်အလွန်များလာပြီဟု မှတ်ယူထားသင့်သည်။

မြန်မာနိုင်ငံရှိ အပူဆုံးမြို့တစ်မြို့၏အပူချိန်ထက် ၁၀ ဒီဂရီစင်တီဂရိတ်ကျော် ပိုနေသေးသော အမေရိကန်မြို့ကြီးများ အများအပြားရှိလာသည်။

ရာသီဥတုပူပြင်းမှုကြောင့် အဆိုးဆုံးမှာ ရေချိုရှားပါးမှုကြုံကြရမည်၊ ပုံမှန်ထက် အသက်တိုလာမည်၊ အနာပေါလာမည်၊ ကပ်ရောဂါများ ကျယ်ပြန့်လာနိုင်သည် စသည့်ပြဿနာများ ဆက်တိုက်ကြုံကြရလိမ့်မည်။

ရာသီဥတုပူပြင်းလာသည်နှင့်အမျှ သစ်တောများမီးလောင်မှု ပိုများလာမည်။ သစ်တောများသည် လူတို့၏ နေ့စဉ်ဘဝလိုအပ်ချက်များဖြစ်သော ရာသီဥတုအေးမြစေရေး၊ စားဝတ်နေရေးတို့ကို ပံ့ပိုးပေးနေသကဲ့သို့ ကမ္ဘာ့လေထုထဲမှ $CO_2$ ကိုလည်း စုပ်ယူပေးနေသည်။ အောက်ဆီဂျင်ကိုလည်းထုတ်လုပ်ပေးနေသည်။ မိုးရွာသွန်းမှုကြောင့် မြေပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်မည့် မိုးရေကိုထိန်းပေးပြီး မြစ်ချောင်းများ သဲနုန်းပို့ချမှုကိုလည်း လျှော့ပါးစေသည်။ ရွာသွန်းမိုးကိုလည်း မြေအောက်သို့ စိမ့်ဝင်စေရန် သစ်တောများက ထိန်းပေးထား၍ စိမ့်ရေ၊ စမ်းရေ၊ မြေအောက်ရေများလည်း ပြန်လည်ပြည့်ဖြိုးစေသည်။ မိုးရေကိုချက်ချင်းစီးဆင်းမသွားစေရန် ထိန်းထားခြင်းဖြင့် မြစ်ချောင်းများ ရုတ်တရက်ရေကြီးရေလျှံမှုကိုလည်း ကာကွယ်ပေးသည်။

ဤအကျိုးပြုနေသောသစ်တောများ တောမီးကြောင့် ပြုန်းတီးနေမှုကို နမူနာအဖြစ် အမေရိကန်နိုင်ငံကို ဥပမာပြခဲ့ပြီးဖြစ်သည်။ ဩစတြေးလျအပါအဝင် နိုင်ငံကြီးအတော်များများတွင် ဤဒုက္ခခံနေရပြီဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

# ကျောက်ဆည်ခရိုင်၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို အက အရေး အတီးပြိုင်ပွဲဖွင့်လှစ်

ကျောက်ဆည် ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦး၊ ခရိုင်ဥပဒေအရာရှိ ဦးအောင်စိုးလင်း၊ ခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမှတ်ပေးဒိုင်ချုပ်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအနေဖြင့် တိုင်းဒေသကြီးအဆင့်၊ ဗဟိုအဆင့်ပြိုင်ပွဲများတွင် ယခင်နှစ်များထက် အောင်မြင်မှုများရရှိအောင် ကြိုးစားသွားကြစေလိုကြောင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားစေရေး လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဝါသနာရှင်ဒုတိယအဆင့် အမျိုးသား၊ အမျိုးသမီး ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ၊ အခြေခံပညာအဆင့် (၁၀-၁၅) နှစ် အမျိုးသား၊ အမျိုးသမီး အဆို၊ အတီးပြိုင်ပွဲ၊ (၁၅-၂၀) နှစ် တစ်ပင်တိုင်အက၊ ကျေးလက်ယိမ်းအက၊ စန္ဒရား၊ ပတ္တလား၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းအတီးပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ချမ်းမြေ့



# ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၅၀ ကျော်တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန်ငါးသိန်းကျော်တင်ပို့



ရန်ကုန် ဩဂုတ် ၁၁

ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၅၀ ကျော်တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန်ငါးသိန်း ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ လေးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန် ၅၁၀၉၁၁ ဒသမ ၅၅ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၆ သန်းရရှိထားသည်။

ထိုသို့တင်ပို့ရာတွင် ဇူလိုင်လအတွင်း တင်ပို့မှု အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈၁ သန်း တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန် ၁၆၅၄၄၄ ဒသမ ၃ တန်အထိ တင်ပို့ထားနိုင်ကြောင်း၊ ဆန်နှင့် ဆန်ကွဲများတင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နေခြင်းဖြစ်ကာ ဇူလိုင်လအတွင်း ကုမ္ပဏီပေါင်း ၄၁ ခုမှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆန်ကို အင်ဒိုနီးရှားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံသို့တင်ပို့နိုင်ခဲ့ပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ တရုတ်အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့တင်ပို့ရာတွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်မက်ထရစ်တန် ၃၀၀၀၀ ဖြင့် အများဆုံးတင်ပို့ထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲမက်ထရစ်တန် ၄၅၀၆၅ တန်ဖြင့် အများဆုံးတင်ပို့ထားကြောင်း သိရသည်။ ဝဝ

# အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

တောင်ငူ ဩဂုတ် ၁၁


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ တောင်ငူခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် အစိုးရစက်မှု လက်မှုသိပ္ပံ(တောင်ငူ)တို့ပူးပေါင်း၍ ရှေးဦး ပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်း အနားကို ဩဂုတ်လ ၁၀ ရက်က ကျင်းပ သည်။

ရှေးဦးစွာ တောင်ငူခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမိုးမြင့်က မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ရည်ရွယ် ချက်နှင့် အသင်းအနေဖြင့် ဘေးအန္တရာယ် ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း နှင့် ပြန်လည်ထူထောင်ခြင်း၊ ရှေးဦးပြုစု ခြင်း၊ ကျန်းမာရေးအသိပညာပေးဆိုင်ရာ လုပ်ငန်းများ၊ အသင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ စသည့်လုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြား သည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၁၀ ရက်မှ ၁၂ ရက်အထိဖွင့်လှစ်ပြီး ကြက်ခြေနီ အကြောင်းသိကောင်းစရာ၊ လူနာဆန်းစစ် ခြင်း၊ စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းကို ပြုစုခြင်း၊ အပူလောင်ခြင်းနှင့် အရည် ပူလောင်ခြင်း၊ သွေးဆုတ်၊ သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့် သတိလစ်ခြင်း၊ အဆိပ် သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့် တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ရိုးဆက်ကြောနှင့်ကြွက်သားများ ထိခိုက် ဒဏ်ရာရခြင်း၊ လူနာကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ် အထောက်အကူပြုနည်းတို့ကို သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ထားဝယ် | (၂.၆၈)လက်မ |
| မချမ်းဘော | (၁.၉၃)လက်မ |
| ရေး | (၁.၈၉)လက်မ |
| မုဒုံ | (၁.၆၁)လက်မ |
| ကျိုက်လတ် | (၁.၅၀)လက်မ |
| မြစ်ကြီးနား | (၁.၁၀)လက်မ |
| ဖျာပုံ | (၀.၉၈)လက်မ |
| ချောင်းဆုံ | (၀.၇၉)လက်မ |
| ရှမ်းရွာသစ် | (၀.၇၅)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၀ |
| ရှမ်း(မြောက်) | ၂၂ | ၃၃ |
| ရှမ်း(အရှေ့) | ၂၂ | ၃၂ |
| ရှမ်း(တောင်) | ၁၈ | ၃၀ |
| ချင်း | ၁၄ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၇ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၉ |
| နေပြည်တော် | ၂၆ | ၃၃ |
| မန္တလေး | ၂၉ | ၃၉ |
| မကွေး | ၂၆ | ၃၈ |
| ရခိုင် | ၂၄ | ၃၄ |
| ပဲခူး | ၂၄ | ၃၅ |
| ရန်ကုန် | ၂၆ | ၃၄ |
| ဧရာဝတီ | ၂၄ | ၃၄ |
| ကယား | ၂၃ | ၃၁ |
| ကရင် | ၂၄ | ၃၅ |
| မွန် | ၂၅ | ၃၄ |
| တနင်္သာရီ | ၂၄ | ၃၄ |

# အောင်လံမြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

အောင်လံ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့ နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှ ကန်နှစ်ဆင့်-ရေနံကြီးလမ်းပေါ်ရှိ ကြေးနီချောင်းကူးတံတား တည်ဆောက် ခြင်း(ပထမပိုင်း)လုပ်ငန်းဆောင်ရွက်နေမှု နှင့် အောင်လံ-ပြည်ကားလမ်းမှ ကျောက် စွယ်ကျိုး-မြင်းကပိုင်လမ်း မြေသား တာပေါင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေ မှုအခြေအနေများကို ဩဂုတ်လ ၁၁ ရက် တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေး လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ်(မြို့ပြ)၊ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့်အတူ တာဝန်ရှိသူများလိုက်ပါပြီး ကန်နှစ်ဆင့်-ရေနံကြီးလမ်းပေါ်ရှိ ကြေးနီ ချောင်းကူးတံတား တည်ဆောက်ခြင်း (ပထမပိုင်း) လုပ်ငန်းဆောင်ရွက်နေမှုနှင့် အောင်လံ-ပြည်ကားလမ်းမှ ကျောက်စွယ် ကျိုး-မြင်းကပိုင်လမ်း မြေသားတာပေါင် ချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား သည်။

အဆိုပါ ကန်နှစ်ဆင့်-ရေနံကြီးလမ်း ပေါ်ရှိ ကြေးနီချောင်းကူးတံတား အရှည် ပေ ၂၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၁၉၂ ဒသမ ၉၇ သန်းဖြင့် Phyo Thiri Kyaw ကုမ္ပဏီမှ တာဝန်ယူဆောင် ရွက်ပြီး အောင်လံ-ပြည်ကားလမ်းမှ ကျောက်စွယ်ကျိုး-မြင်းကပိုင်လမ်း အရှည် (၂/၄)မိုင် မြေသားတာပေါင်ချဲ့ပြီး ၈ လက်မ ထု မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ကို တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြု ငွေ ငွေကျပ် ၁၀၇ ဒသမ ၅ သန်းဖြင့် ကျေး လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန် ယူဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အဆိုပါကျေးရွာချင်းဆက်လမ်း မြေနီ ခင်းခြင်းလုပ်ငန်းနှင့် တံတားတည်ဆောက် ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက အောင်လံမြို့နယ် အတွင်းရှိ ကျေးရွာခုနစ်ရွာမှ အိမ်ထောင်စု ဝင်များ ရာသီမရွေးသွားလာရေးအဆင်ပြေ ချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

ကိုလှိုင်

# ရန်ကင်းမြို့နယ်၌ ဆေးလိပ်/ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ်ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း ခရိုင် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း ကျင်းပသော ဆေးလိပ်/ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ်ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ နှင့် ပန်းချီပြိုင်ပွဲကို ဩဂုတ်လ ၁၀ ရက်က ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေး မှူး ဒေါ်ဝင်းရည်မွန်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကင်းမြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးက ပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် ပြိုင်ပွဲများကို ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ရန်ကင်းမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ ပန်းချီ ပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်း သား၊ ကျောင်းသူ ၁၀ ဦး၊ အလယ်တန်း အဆင့် ကျောင်းသား၊ကျောင်းသူ ၁၀ ဦးနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်း သူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ဒုတိယဝန်ကြီး ဒေါ်နုမြဲ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဲသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ရောက်ရှိပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှတာဝန်ယူဆောင်ရွက်နေသော ယဉ်ကျေးမှုအမွေအနှစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ ဒုတိယဝန်ကြီးသည် အင်းဝရှေးဟောင်းဒေသအတွင်း အင်းဝရှေးဟောင်းသုတေသနပြတိုက်၊ ဆင်ကျုံးခံတပ်၊ လောကသရဖူဘုရား၊ ဗားကရာကျောင်း၊ ညောင်ရမ်းဘုရားစု(ကြောင်လိန်ဘုရား၊ လောကဒုသမာန်အောင်ဘုရား၊ မြင်းမိုရ်တောင်ဘုရား၊ ဝက်ပါဘုရား၊ ငကြွနားချောင်းဘုရား)တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အောင်မြေဘုံစံအုတ်ကျောင်း(မယ်နုအုတ်ကျောင်း) ပြုပြင်ထိန်းသိမ်းနေသည့်အခြေအနေကို သွားရောက်စစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မယ်နုအုတ်ကျောင်းဆေးသုတ်သည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဆေးရောင်တစ်ပြေးညီ သုတ်မည့်အစား မှုံကပ်နေရာများတွင် အဖြူသုတ်ရန်နှင့် ဆေးမသုတ်မီ ကြေးချွတ်မှုများ ယခုထက် ပိုမိုတိကျစွာဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မန္တလေးနန်းမြို့ရိုးပြာသာဒ်များ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဒုတိယကမ္ဘာစစ်ကာလတွင် ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့သည့်ပြန်လည်တည်ဆောက်ခဲ့ခြင်း မရှိသော အနောက်ဘက်နန်းမြို့ရိုးအလယ်ပေါက်၏ စည်ရှည်တံတားနေရာကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စည်ရှည်တံတားကို ပြန်လည်တည်ဆောက်မည်ဆိုပါက မူလတံတားပုံစံအတိုင်း၊ အရွယ်အစားအတိုင်း ရှေးမူမပျက်ပြန်လည်တည်ဆောက်နိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

(ဗဟ)

# ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့်ပြုလုပ်သည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဗစ်တာ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ဧရာဝတီမြစ်ရေမြင့်တက်ခြင်း၊ ဒေသတွင်းနေရာအနှံ့ မိုးများစွာရွာသွန်းခဲ့ခြင်းကြောင့် မြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ရေဘေးကာကွယ်ရေးတာများတွင် ရေကင်းများချထားမှုနှင့် အရေးပေါ်ထိန်းသိမ်းပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်း၊ တာတမံများကျိုးပေါက်မှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် လာမည့်မိုးလယ်၊ မိုးနှောင်းနှင့်မိုးလွန်ကာလတို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဗစ်တာက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခဲ့မှုများနှင့် မှတ်တမ်းများ၊ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများ မြှင့်တင်ခြင်း၏ အကျိုးဆက်များ၊ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြုရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဧရာဝတီမြစ်ကြောင်း ပြောင်းလဲစီးဆင်းမှုကြောင့် မြစ်ကမ်းပါး ရေတိုက်စားမှုအားလျှော့ချနိုင်ရေးအတွက် ဆက်စပ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်မှုအနည်းဆုံးဖြင့် ရေရှည်အကျိုးရှိစေနိုင်ရေး ဆောင်ရွက်သင့်သည့်နည်းလမ်းနှင့် လုပ်ငန်းများ၊ ပွင့်လင်းရာသီတွင်တာတမံများတောင့်တင်းခိုင်မာအောင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် ရေဘေးကာကွယ်ရေး တာတမံများ ပျက်စီးကျိုးပေါက်၍ မြို့ရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးရေလျှံမှု အန္တရာယ်မဖြစ်စေရန် နှစ်စဉ်မိုးရာသီမတိုင်မီ လိုအပ်သော ဖြတ်တာများ၊ ပန်းတာများကို အချိန်မီတည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တာတမံများ ကြံ့ခိုင်မှုရှိစေမည့် လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဗဟ)

# လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သာယာကုန်း ကျေးရွာအုပ်စု တောင်သူ ဦးဖြိုးအောင်၏ ဆီထွက်သီးနှံ မိုးမြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒေသခံ မိုးမြေပဲစိုက်တောင်သူများနှင့်တွေ့ဆုံကာ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဌာန၊ တောင်သူနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့များပေးအပ်သည်။



ယင်းနောက် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိ မွေးမြူရေးတောင်သူ ဦးတွမ်ခင်ဝင်း(Fun Hwa Co.,Ltd.)၏ နို့စားနွားမွေးမြူရေးခြံ၌ ဒေသနွားနှင့် နို့စားနွားကောင်ရေ ၂၀၀ ခန့် မွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးနေမှုကို ကြည့်ရှုအားပေးသည်။ အလားတူ ကံကြီးမွေးမြူရေးဇုန်ရှိ Win Family Co.,Ltd. ၏ အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ရွှေမြို့အထူးမွေးမြူရေးဇုန်ရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(ရွှေမြို့)သို့ သွားရောက်ပြီး ဒေသနွားမများကို နို့စားနွားမျိုးအဖြစ် မျိုးမြှင့်သားစပ်၍ သားပေါက်နှုန်းနှင့် ကြီးထွားနှုန်း သုတေသနပြုခြင်း၊ ဒေသနှင့်ကိုက်ညီသည့် ထုတ်လုပ်မှုကောင်းမွန်သော ဒေသအသားစား/ဥစားကြက်မျိုးရရှိရေး မျိုးမြှင့်သားစပ်ခြင်းသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချနည်းပညာအဖြစ် မွေးမြူသူတောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးဝေရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရွှေမြို့) ဘဲဥဖောက်စက်နှင့် မျိုးဘဲဥသိုလှောင်ခန်းများကိုလည်းကောင်း၊ ဒေသနွားမျိုးထိန်းမျိုးပွားခြံနှင့် ဘဲမွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ဗဟ)

## ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ဇီးကုန်း ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စပါယ်မျှောင်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဩဂုတ်လ ၁၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဒွေးလွင်စိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စပါယ်မျှောင်ကျေးရွာ၌ လမ်းအရှည်ပေ ၆၅၀၀၊ အကျယ် ၁၀ ပေ၊ လမ်းအမြင့် ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ပေးရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၅ ဒသမ ၉၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန်လ ၁၆ ရက်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ဩဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ကျင်းပရာ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀ (အမျိုးသား၊ အမျိုးသမီးအပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများကို ကျင်းပသည်။

ထို့နောက် အနိုင်ရရှိသောအသင်းများ၊ ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်နှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## အနောက်ဖွားစောကျေးရွာ၌ သက်ကြီးဘိုးဘွားများ ဆန်နှင့်ကြက်ဥများ သွားရောက်ထောက်ပံ့

**ညောင်ဦး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ဖွားစောကျေးရွာရှိ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား သက်ရှည်ကျန်းမာစေရန် ရည်ရွယ်၍ ဩဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ဆန်နှင့်ကြက်ဥများ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ် အနောက်ဖွားစောကျေးရွာမှ အဘိုးအဘွား ၄၀ ဦးကို တစ်ဦးလျှင် ဆန်နှစ်ပြည်နှင့် ကြက်ဥ ၁၀ လုံးစီတို့ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ခြင်းဖြစ်သည်။

အဆိုပါ ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ဝင်ငွေနည်းအိမ်ထောင်စုများကို အခြေခံ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# သွားဖုံးရောင်ရောဂါကာကွယ်ခြင်း

သွားဖုံးရောင်ရမ်းတဲ့အခါ အစောဆုံးအခြေအနေမှာ လက္ခဏာသိသိသာသာမပြတာကြောင့် မသိရှိတတ်ကြပါဘူး။ သွားတိုက်တဲ့အခါ သွားဖုံးသွေးယိုတာ၊ သွားဖုံးနီရဲပြီးရောင်နေတာ၊ ခံတွင်းနံ့ဆိုးတာစတဲ့လက္ခဏာတစ်မျိုးမျိုးရှိနေတတ်ပြီး ဂရုမစိုက်ဘဲ လျစ်လျူရှုထားရင် ခံတွင်းရောဂါတွေ ဖြစ်ပွားတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သွားဖုံးရောင်ရောဂါ မဖြစ်အောင် ကာကွယ်ဖို့လိုပါတယ်။

– စိတ်ဖိစီးမှုကိုလျှော့ချသင့်ပါတယ်။ စိတ်ဖိစီးမှုနဲ့ ခံတွင်းကျန်းမာရေးက ဆက်စပ်နေပါတယ်။ စိတ်ဖိစီးမှုများတဲ့အခါ ခန္ဓာကိုယ်ခုခံအားကျဆင်းလို့ ရောဂါပိုးမွှားတွေကို တိုက်ထုတ်နိုင်စွမ်းရည် ကျဆင်းသွားပါတယ်။ ခံတွင်းမှာပိုးမွှားတွေပေါက်ပွားပြီး သွားနဲ့ခံတွင်းပြဿနာတွေဖြစ်ပွားတတ်ပါတယ်။ တက္ကသိုလ်သုံးခုကပြုလုပ်ခဲ့တဲ့ လေ့လာမှုအရ စီးပွားရေးဆိုင်ရာစိုးရိမ်သောကဖြစ်တာက သွားနဲ့ခံတွင်းပြဿနာတွေကို ဖြစ်စေတတ်ပါတယ်။

– ဗီတာမင်ဒီကိုဖြည့်စွက်သင့်ပါတယ်။ ဗီတာမင်ဒီမှာ ရောင်ရမ်းမှုကိုလျှော့နည်းစေတဲ့ အာနိသင်ရှိတာကြောင့် ခန္ဓာကိုယ်မှာ ဗီတာမင်ဒီပြည့်ဝနေရင် သွားဖုံးရောင်ရမ်းတာမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။ အသက်ကြီးသူတွေအနေနဲ့ ဗီတာမင်ဒီကိုဖြည့်စွက်သောက်သုံးသင့်ပါတယ်။ လေ့လာမှုတွေအရ အသက် ၅၀ နဲ့အထက်သူတွေရဲ့ သွေးအတွင်းမှာ ဗီတာမင်ဒီပြည့်ဝနေရင် သွားဖုံးရောဂါဖြစ်နိုင်ခြေနည်းစေပါတယ်။ နေရောင်ခြည်ကို ၁၅ မိနစ်ကနေ မိနစ် ၂၀ ကြာ တစ်ပတ်နှစ်ကြိမ်ထိတွေ့ပေးသင့်တယ်။ ဗီတာမင်ဒီကြွယ်ဝတဲ့ အစားအစာတွေဖြစ်တဲ့ ဆယ်လ်မွန်ငါး၊ ကြက်ဥနဲ့ငါးကြီးဆီ စားပေးသင့်ပါတယ်။

– ဆားရည်ငုံပေးသင့်ပါတယ်။ ဆားခတ်ထားတဲ့ရေနွေးနွေးကို မိနစ် ၃၀ ကြာ ခံတွင်းထဲမှာငုံပြီး ထွေးထုတ်သင့်ပါတယ်။ မကြာခဏပြုလုပ်ပေးသင့်ပါတယ်။ ဆားရည်က သွားဖုံးရောင်ရမ်းမှုကို လျှော့နည်းစေပြီး ပိုးမွှားတွေကိုလည်း ဖယ်ရှားပေးနိုင်ပါတယ်။

– မုန့်ဖုတ်ဆော်ဒါနဲ့ သွားတိုက်သင့်ပါတယ်။ မုန့်ဖုတ်ဆော်ဒါက ပါးစပ်ထဲမှာရှိတဲ့ အက်စစ်ဓာတ်ကိုဓာတ်ပြယ်စေလို့ သွားတွေပိုးစားတာနဲ့ သွားဖုံးရောဂါတွေ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ မုန့်ဖုတ်ဆော်ဒါကို ရေနွေးအနည်းငယ်နဲ့ရော ခပ်ပျစ်ပျစ်ရအောင်ပြုလုပ်ပြီး သွားတိုက်ပေးသင့်ပါတယ်။

– လက်ဖက်ခြောက်အိတ်ကပ်ပေးသင့်ပါတယ်။ ရေနွေးပွက်တဲ့ထဲကို လက်ဖက်ခြောက်အိတ်ထည့်စိမ်ပြီးနောက် ပြန်ထုတ်ပြီး အအေးခံထားသင့်ပါတယ်။ အဲဒီလက်ဖက်ခြောက်အိတ်ကို ရောင်နေတဲ့သွားဖုံးနေရာမှာ ငါးမိနစ်ကြာ ကပ်ထားသင့်ပါတယ်။ လက်ဖက်ခြောက်ထဲမှာပါဝင်တဲ့ တန်းနစ်အက်စစ်က သွားဖုံးပိုးဝင်တာကို သက်သာစေပါတယ်။ လက်ဖက်ရည်ကြမ်းသောက်တာထက် လက်ဖက်ခြောက်အိတ်ကို ရောင်ရမ်းတဲ့နေရာမှာ ကပ်တာက ပိုပြီးထိရောက်မှုရှိပါတယ်။

– ဆေးလိပ်ဖြတ်သင့်ပါတယ်။ ဆေးလိပ်သောက်သူတွေမှာ ရောဂါပိုးမွှားခုခံကာကွယ်နိုင်စွမ်းအားလျော့နည်းပြီး အနာကျက်နှေးစေပါတယ်။ ဆေးလိပ်သောက်သူတွေက မသောက်သူတွေထက် သွားဖုံးရောဂါတွေဖြစ်နိုင်ခြေများပြီး သွားတွေယိုင်နဲ့ကာကျိုးလွယ်စေပါတယ်။

– ပျားရည်လိမ်းပေးသင့်ပါတယ်။ ပျားရည်က ပိုးသတ်အာနိသင်ရှိပြီး ပိုးဝင်ရောက်လို့ ရောင်ရမ်းနေတဲ့သွားဖုံးကို သက်သာစေပါတယ်။ ပျားရည်အနည်းငယ်ထည့်ပြီး ရောင်နေတဲ့သွားဖုံးနေရာကို တိုက်ပေးသင့်ပါတယ်။ ပျားရည်မှာ သကြားပါဝင်မှုများတာကြောင့် သွားတွေကိုဒုက္ခပေးနိုင်လို့ အလွန်အမင်းအသုံးမပြုဖို့ သတိပြုသင့်ပါတယ်။

– အကျိုးပြုဗက်တီးရီးယား(Probiotic) သောက်သင့်ပါတယ်။ အကျိုးပြုဗက်တီးရီးယားပါဝင်တဲ့ ဆေးပြားတွေကို ဆေးဆိုင်ကနေ ဝယ်ယူသောက်သုံးနိုင်တယ်။ အူထဲမှာရှိတဲ့ ခန္ဓာကိုယ်အတွက် အကျိုးပြုဗက်တီးရီးယား အမျိုးအစားဖြစ်ပြီး သွားဖုံးရောင်ရမ်းတာကိုကုသရာမှာ အသုံးပြုနိုင်ပါတယ်။ အကျိုးပြုဗက်တီးရီးယားက ခံတွင်းကိုရှင်းစေပြီး ခံတွင်းရဲ့သဘာဝကို မျှခြေဖြစ်အောင် ကူညီပေးပါတယ်။

– ခရင်မ်ဘယ်ရီသီးဖျော်ရည် သောက်သင့်ပါတယ်။ ခရင်မ်ဘယ်ရီသီးဖျော်ရည်က သွားနဲ့ခံတွင်းမှာကပ်တွယ်နေတဲ့ ဗက်တီးရီးယားပိုးမွှားတွေကို ဖယ်ရှားပေးပါတယ်။ ခရင်မ်ဘယ်ရီသီးအရသာအတိုင်း ဖျော်သင့်ပြီး သကြားထပ်မထည့်သင့်ပါဘူး။ နေ့စဉ်တစ်ဖန်ခွက်သောက်ပေးသင့်ပါတယ်။

– Coenzo Q–10 သောက်သင့်ပါတယ်။ Coenzo Q–10 က ခန္ဓာကိုယ်ထဲမှာ သကြားကို အဆီအဖြစ်ပြောင်းလဲပြီး စွမ်းအင်အတွက် သိုလှောင်ပေးပါတယ်။ လေ့လာမှုအရ Coenzo Q–10 က ခံတွင်းအတွက်၊ သွားဖုံးအတွက်နဲ့ အရေပြားအတွက် ရောဂါကုသရာမှာ ထိရောက်စွာအသုံးပြုနိုင်တာကို တွေ့ရပါတယ်။

> **''သွားဖုံးရောင်ခြင်းဆိုတာ သွားနဲ့သွားဖုံးတို့မှာ သွားချေးတွေ စုပုံလာတဲ့အခါမှာ သွားဖုံးရောဂါတွေဖြစ်လာပါတယ်။ သွားဖုံးရောင်တာက ပျောက်ကင်းနိုင်တဲ့ သွားဖုံးရောဂါတစ်မျိုးဖြစ်ပါတယ်။ သွားဖုံးရောင်တာကြောင့် သွားဖုံးတွေ နီမြန်းဖောင်းကြွပြီး သွားတိုက်တဲ့အခါ အလွယ်တကူသွေးထွက်စေပါတယ် . . .''**

– သံပရာရည်နဲ့ဆားရော လိမ်းသင့်ပါတယ်။ သံပရာသီးတစ်လုံးကိုအရည်ညှစ် ဆားအနည်းငယ်ရောပြီး ခပ်ပျစ်ပျစ်ရအောင်ပြုလုပ်ပါ။ ရောင်ရမ်းနေတဲ့သွားဖုံးပေါ် လိမ်းပေးပြီး ခဏထားပြီးမှ ရေနွေးနဲ့ပလုတ်ကျင်းပေးသင့်တယ်။ သံပရာသီးမှာ ရောင်ရမ်းမှုကိုလျှော့နည်းစေတဲ့ အာနိသင်အပြင် သွားဖုံးမှာရှိတဲ့ပိုးမွှားတွေကိုလည်း ရှင်းလင်းပေးနိုင်ပါတယ်။

– ဂလစ်စရင်းနဲ့ပလုတ်ကျင်းသင့်ပါတယ်။ ဂလစ်စရင်းနဲ့ပလုတ်ကျင်းတာက ခံတွင်းမှာရှိတဲ့ သွားချေးတွေကိုဖယ်ရှားပေးပြီး သွားဖုံးရောင်ရမ်းတာကိုသက်သာစေပါတယ်။ ဂလစ်စရင်းကို ခံတွင်းမှာ စက္ကန့် ၃၀ လောက်ငုံထားပြီးမှ ထွေးထုတ်သင့်တယ်။ တစ်နေ့နှစ်ကြိမ် ပြုလုပ်ပေးသင့်ပါတယ်။

– ဗီတာမင်စီကြွယ်ဝတဲ့အစာ စားပေးသင့်ပါတယ်။ သံပရာသီးတစ်မျိုးတည်းကပဲ သွားဖုံးရောဂါတွေကို သက်သာစေတာမဟုတ်ပါဘူး။ ဗီတာမင်စီကြွယ်ဝတဲ့ လိမ္မော်သီး၊ စပျစ်သီး၊ ကီဝီသီး၊ သရက်သီး၊ သင်္ဘောသီး၊ စတော်ဘယ်ရီသီး စတာတွေကလည်း သွားဖုံးရောင်ရမ်းတာကို သက်သာစေပါတယ်။ ဒ့ါပြင် အင်တီအောက်စီးဒင့်ဖြစ်တဲ့ ဗီတာမင်စီက တွယ်ဆက်တစ်သျှုးတွေနဲ့ အရိုးတွေတည်ဆောက်ရာမှာလည်း အားပေးကူညီပါတယ်။

– ဖျန်းဆေးအသုံးပြုနိုင်ပါတယ်။ Chlorhexidine ပါဝင်တဲ့ဖျန်းဆေးက ဗက်တီးရီးယားပိုးမွှားတွေကို ဖယ်ရှားပေးပြီး သွားချေးဖြစ်ပေါ်မှုကို တားဆီးပေးပါတယ်။ အသက်ကြီးသူတွေမှာပြုလုပ်ခဲ့တဲ့ လေ့လာမှုအရ ခံတွင်းရောဂါဖြစ်နိုင်ခြေရှိသူတွေမှာ ဖျန်းဆေးအသုံးပြုတာကြောင့် သွားချေးဖြစ်ပေါ်မှုနဲ့ ရောင်ရမ်းမှုကို လျှော့နည်းစေပါတယ်။

– အာဟာရမျှတစွာစားသုံးသင့်ပါတယ်။ အာဟာရချို့တဲ့ရင် ခန္ဓာကိုယ်ထဲဝင်ရောက်လာမယ့် ရောဂါပိုးမွှားတွေကို တိုက်ထုတ်နိုင်စွမ်းကျဆင်းစေပါတယ်။ ခံတွင်းထဲ ပိုးမွှားတွေဝင်ရောက်တာကို မတိုက်ထုတ်နိုင်ရင် သွားဖုံးရောင်ရမ်းတာကိုဖြစ်စေပါတယ်။ အက်စစ်များတဲ့အစာတွေက သွားချေးတွေကို ကင်းဝေးအောင်လုပ်ဆောင်ပေးပါတယ်။

– သွားဖုံးရောင်ခြင်းဆိုတာ သွားနဲ့သွားဖုံးတို့မှာ သွားချေးတွေ စုပုံလာတဲ့အခါမှာ သွားဖုံးရောဂါတွေ ဖြစ်လာပါတယ်။ သွားဖုံးရောင်တာက ပျောက်ကင်းနိုင်တဲ့ သွားဖုံးရောဂါတစ်မျိုးဖြစ်ပါတယ်။ သွားဖုံးရောင်တာကြောင့် သွားဖုံးတွေ နီမြန်းဖောင်းကြွပြီး သွားတိုက်တဲ့အခါ အလွယ်တကူသွေးထွက်စေပါတယ်။

သွားဖုံးရောင်တဲ့လက္ခဏာတွေက သွားတိုက်နေစဉ်မှာနဲ့တိုက်ပြီးချိန်မှာ သွားဖုံးကနေသွေးထွက်တာ၊ သွားဖုံးနီမြန်းဖောင်းကြွတာ၊ နာကျင်တာ၊ ခံတွင်းနံ့နံတာ ဒါမှမဟုတ် ခံတွင်းမှာအရသာဆိုးတာ၊ သွားဖုံးနဲ့သွားကြောမှာအချိုင့်တွေဖြစ်ပေါ်တာ၊ သွားတွေနဲ့တာ၊ အစာဝါးတဲ့အခါ အပေါ်အောက်သွားတွေအံမကျတာတို့ ဖြစ်စေပါတယ်။

သွားဖုံးရောင်တာကို အဓိကဖြစ်စေတာက ဟော်မုန်းပြောင်းလဲမှု၊ ကိုယ်ဝန်ဆောင်စဉ်၊ အပျိုဖော်ဝင်ချိန်နဲ့သွေးဆုံးချိန်၊ ဖျားနာမှု၊ ကင်ဆာ၊ HIV တို့လို ကိုယ်ခံအားစနစ်ကို ထိခိုက်စေတဲ့ရောဂါတွေ၊ ဆီးချိုရောဂါတွေပါဝင်ပါတယ်။ ခံတွင်းသန့်စင်ဆေးတွေကလည်း သွားဖုံးကိုထိခိုက်စေပါတယ်။ တချို့ဆေးတွေက ခံတွင်းခြောက်တာကြောင့် သွားဖုံးနာစေတယ်။ နေ့စဉ်ခံတွင်းသန့်ရှင်းရေး ဂရုမစိုက်သူတွေမှာ သွားဖုံးရောင်တာဖြစ်စေနိုင်ပါတယ်။ မိသားစုမျိုးရိုးမှာ သွားရောဂါဖြစ်သူတွေရှိရင်လည်း သွားဖုံးရောင်တာဖြစ်နိုင်ခြေများပါတယ်။ ။

*ဒေါက်တာလွင်သန့်*

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချ

**ဘိုကလေး ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီတင့်၏ပြောကြားချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသည်။

''ဘိုကလေးမြို့နယ်ကနေ စိုက်ပျိုးထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ဇူလိုင်လအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိလည်း ရန်ကုန်ဈေးကွက်က ကောက်ရိုးမှိုတွေကို မှာယူအားကောင်းနေပါတယ်။ ဘိုကလေးမြို့နယ်မှာ တခြားစိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ယှဉ်တွဲပြီး မှိုစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေပါတယ်'' ဟု ဒေါ်ရီတင့်ကပြောသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများအပါအဝင် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ မှိုများကို ဝယ်လိုအား ကောင်းလာသည့်အတွက် ရောင်းဝယ်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်



# ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**အောင်လံ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းရှိ ကျောင်းအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် အားကစားသမားများက ကွင်းအတွင်းချီတက်နေရာယူပြီး ဘင်ခရာအဖွဲ့မှဦးဆောင်၍ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ပန်းဖွားအဖွဲ့တို့က ဖျော်ဖြေခြင်းများဆောင်ရွက်ကြသည်။

ဆက်လက်၍ အောင်လံခရိုင်ပညာရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်



အဖြစ်ယှဉ်ပြိုင်ကစားသည့် အလောင်းဘုရားအသင်းနှင့် ဘုရင့်နောင်အသင်းတို့၏ ယှဉ်ပြိုင်မှုများကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**အာကာ(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မြဝတီ ဩဂုတ် ၁၁**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဩဂုတ်လ ၁၀ ရက်နံနက်ပိုင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိရှိထားရမည့်အချက်များကိုအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာအောင်က အမှာစကားပြောကြားပြီး အမှတ်(၇၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြဝတီ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးအောင်လင်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံငါးရပ်တွင်ပါဝင်သည့်အချက်များ၊ ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများလိုက်နာရမည့်အချက်များ၊ လမ်းညွှန်အမှတ်အသားများနှင့် အသိပညာပေးအကြောင်းအရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပေးသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

(၄၀၆)

# မြို့သစ်မြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်

**မြို့သစ် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မူလတန်းကျောင်းသား၊ ကျောင်းသူများအား အစာအုပ်စုများ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ကျန်းမာရေးဆိုင်ရာမေးခွန်း ၁၀၀ ဖြေဆိုပြိုင်ပွဲကို ဩဂုတ်လ ၁၀ ရက်တွင် အမှတ်(၁) နှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပသည်။

အစာအုပ်စုများ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၁၀၃ ဦး၊ ကျန်းမာရေးဆိုင်ရာမေးခွန်း ၁၀၀ ဖြေဆိုပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ၈၂ ဦး၊ ကျန်းမာရေးဆိုင်ရာမေးခွန်း ၁၀၀ ပြိုင်ပွဲတွင် ၉၃ ဦး စုစုပေါင်း ၄၁၀ ဦးဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ကြကြောင်းသိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**



# ချောင်းဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ ၁၈၄၆၃ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ ၁၈၄၆၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်၌ မိုးကြိုပဲတီစိမ်း ၁၂၉၅၀ ဧကနှင့်မိုးပဲတီစိမ်းဧက ၁၃၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ မိုးကြိုပဲတီစိမ်း ၈၇၅၂ ဧကနှင့်မိုးပဲတီစိမ်း ၉၇၁၁ ဧက စုစုပေါင်း ၁၈၄၆၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခုနှစ်တွင် ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၄၀၉)

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုကဗျာ

## အစဉ်လာကောင်းပေ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

◆ ကမ္ဘာမှာ လူငယ်နေ့
စဉ်လာဓလေ့ ဂုဏ်ပြုရာ။
နိုင်ငံတကာ တူညီကြ
တည်စခဲ့တာ။
ဩဂုတ်လ ဤအခါ
ကျင်းပရာ စုံညီပွဲ။
လူငယ်တွေ ဂုဏ်ရည်တက်အောင်
ဆောင်ရွက်နေမြဲ။

◆ ခွန်အားတည် ဤငါးပါး
ကာယအားနဲ့ ဉာဏလာ။
ကောင်းမြတ်တာ စာရိတ္တ
မိတ္တလည်းပါ။
ဘောဂက သုခအရာ
ရလိုတာ ခွင့်အကောင်း။
စုပေါင်းကာ လူငယ်များမှာ
ကြိုးစားသင့်ကြောင်း။

◆ လူငယ်မှာ ပြည့်အင်အား
ဆိုစကား မှန်လှတာ။
ရည်သန်ရာ အနာဂတ်လမ်း
တက်လှမ်းရမှာ။
နောင်တစ်ခေတ် ဦးဆောင်ရာ
ထူးချွန်စွာ အောင်မြင်ရေး။
စွမ်းပကားမှာ စဉ်မြင့်မားအောင်
နိုးကြားသင့်သေး။

◆ လူငယ်တွေ အနာဂတ်ရေး
အလေးပေး ပြည်မြန်မာ။
လူငယ့်ရေးရာ ဝါဒရပ်
ချမှတ်ခဲ့တာ။
ပြဋ္ဌာန်းပြု သုံးခုလာ
လူမှုအရာ နိုင်ငံရေး။
စီးပွားမှာ အစဉ်တိုးအောင်
ပျိုးထောင်ကာပေး။ ။

**စိန်ဌေးလှိုင်(ပခုက္ကူ)**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၂-၈-၂၀၂၄(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ | ၄။ | ၁၅:၀၀ | Fighting Music |
| | | | ၅။ | ၁၇:၀၀ | သွေးချင်းတို့ဌာနေ |
| ၂။ | ၁၀:၄၆ | Master Chef | ၆။ | ၁၉:၃၀ | International Song |
| ၃။ | ၁၃:၃၀ | Live For You | ၇။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လ ပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ငါးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေပြီး ဩဂုတ်လ ၅ ရက်မှ ၉ ရက်အတွင်း ငွေကျပ် ၁၈၅၃၆၀၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၅၈၀၇၈ စောင် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တစ်ပတ်တာကာလအတွင်း FMI ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၃၉၆၃၅၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၄၄၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၇၆၁၅၅၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၁၇၀၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၄၂၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ငါးစောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၃၆၅၃၇၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၀၃၆၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၃၃၂၇၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၂၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၇၃၄၈၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၄၁၉၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၅၂၅၃၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၁၄၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၇၀၆၀၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၄၉၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# ဇင်ပြွန်းကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



ငဖဲ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၁၀ ရက်က ဇင်ပြွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဌေးက အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန် ကျောင်းစာသာမက သုတ၊ ရသ စာအုပ်၊ စာစောင်များကိုလည်း လေ့လာဖတ်ရှုရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဟန်နီထွန်းက ကလေးအလုပ်သမားပပျောက်ရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဇင်ပြွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ မနှင်းနုက လူငယ်နှင့် ကျန်းမာရေး၊ Grade-10 မှ မောင်စွမ်းရည်ထက်က လူငယ်နှင့်တန်ဖိုး၊ မခင်ယုလှိုင်စိုးက လူငယ်နှင့် ကလေးအလုပ်သမားပပျောက်ရေး၊ Grade-9 မှ မောင်ပြည့်ဖြိုးခန့်က လူငယ်နှင့်စည်းကမ်း၊ မချယ်ရီအောင်က လူငယ်နှင့်မူးယစ်ဆေးဝါး ၊ မအိမ့်ဖူးငုံက လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။ **မယု(ငဖဲ)**

# အောင်လံမြို့နယ်၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မည့် ကျေးရွာကိုးရွာကို ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ

အောင်လံ ဩဂုတ် ၁၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာတစ်ရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာရှစ်ရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်လ ၉ ရက်က အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအနေဖြင့် စီမံကိန်းရန်ပုံငွေများကို အသုံးပြုရာတွင် စာရင်းဇယားများဖြင့် စနစ်တကျထိန်းသိမ်းရန်လိုအပ်ကြောင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိစွာဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး စီမံကိန်းလက်စွဲပါ လမ်းညွှန်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာတစ်ရွာမှ ကျေးရွာကော်မတီဝင်များထံ ငွေကျပ် သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာမှ ကျေးရွာကော်မတီဝင်များထံ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီအား ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အသီးသီးလွှဲပြောင်းပေးအပ်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လက်ခံရယူကြောင်း သိရသည်။

**ဖြူလေး**

# ဒဂုံ(အရှေ့ပိုင်း) မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အလုပ်ရုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ရပ်ကွက်နှင့်ကျေးရွာများရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲနှင့်စာအုပ်လှူဒါန်းပွဲကို ဩဂုတ်လ ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်းက စာကြည့်တိုက်ဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလပြည့်ဇင်က စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဋ္ဌူက စာအုပ်လှူဒါန်းပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနှင့် အလှူရှင်များ လှူဒါန်းသောစာအုပ်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များသို့ စာကြည့်တိုက်တစ်ခုလျှင် ၃၈ အုပ်နှုန်းဖြင့် စာကြည့်တိုက်ကိုးခုအတွက် ပေးအပ်ခဲ့ပြီး မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ လင်းရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ် ၄၀၄ အုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၈၅)**

# ဆင္ဃသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများဆက်ကပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ Thatluang သံဃနာယကတိပိဋကကျောင်းတိုက်၌ ကျင်းပသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆက်ကပ်လှူဒါန်းသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ လာအိုနိုင်ငံ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး Most Ven Maha Bounma Simmaphomနှင့် ကြွရောက်လာကြသည့် သံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများက ဆုတောင်းမေတ္တာပို့သကြပြီး ပြည်ထောင်စုဝန်ကြီးက လှူဒါန်းရသောရည်ရွယ်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် ဗုဒ္ဓဘာသာ နိုင်ငံများဖြစ်သည့်အပြင် ရိုးရာယဉ်ကျေးမှုသမိုင်းကြောင်းနောက်ခံများလည်း တူညီသည့်အတွက် လာအိုနိုင်ငံ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနာ့တက္ကသိုလ်များတွင် အသုံးပြုရန်အတွက် ရည်ရွယ်လှူဒါန်းရခြင်းဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊လေ)နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ၊ လှူဖွယ်သင်္ကန်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လာအိုနိုင်ငံ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ကြွရောက်လာကြသည့် ဆရာတော်ကြီးများက မေတ္တာပို့ သာဓုအနုမောဒနာ တရား မြွက်ကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ Thatluang သံဃနာယကတိပိဋကကျောင်းတိုက်တွင် နိုင်ငံတော်အကြီးအကဲများ လှူဒါန်းထားသည့် ဗုဒ္ဓဆင်းတုတော်များနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ လာအိုအမျိုးသားဖွံ့ဖြိုးရေးတပ်ဦးမှ ဒုတိယဥက္ကဋ္ဌ Mr. Dr.Chanpheng Sudthivong၊ လာအိုနိုင်ငံ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Phosy Keomanivong နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံမှရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် မြန်မာသံရုံးမှတာဝန်ရှိသူများက လာအိုအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ (၅၀၀)

# သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများအနက် ပြန်ပေါ်သည့်လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုနှင့် လမ်း/ တံတားပျက်စီးမှုတို့အား ကွင်းဆင်းကြည့်ရှုပံ့ပိုးဆောင်ရွက်





သာယာဝတီ ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများအနက် ပြန်ပေါ်သည့် လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုနှင့် လမ်း/တံတားပျက်စီးမှုတို့အား ကွင်းဆင်းကြည့်ရှုပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စုနှင့် ကျွဲသတ်ကြီးကျေးရွာအုပ်စုတို့၌ ရေကြီးနစ်မြုပ်ခဲ့၍ ထိခိုက်ခဲ့သည့်မိုးစပါးစိုက်ဧကများအားသက်တမ်းတူ၊ မျိုးတူစပါးမျိုးမှ သားတက်ပွားယူ၍ ကောက်စိုက်လုံမေများဖြင့် စိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကျွဲသတ်ကျေးရွာအုပ်စုအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက်မျိုးစပါးနှင့်ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေမြင့်တက်ခဲ့မှုတို့ကြောင့် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်၌ ရေကျော်ခဲ့သည့် လမ်းမိုင်(၄/၀) မှ (၄/၂) အကြား၊ (၅/၂)မှ (၅/၆)အကြား ရေစားကျောက်ဖြစ်ပေါ်ခဲ့မှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းနောက် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်ရှိ တံတားအမှတ် (၁/၆)၊ (၂/၇)နှင့် (၃/၇)တို့၏ တံတားချဉ်းကပ်ခုံများသည် ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမြင့်တက်ခဲ့မှုတို့ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မြစ်ရေပြန်လည်ကျဆင်းသွားပါက တံတားများ၏ ကြံ့ခိုင်မှုအား စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားခဲ့သည်။

ယင်းနောက် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းပေါ်ရှိတံတား အမှတ်(၁/၇)သည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်မခမြစ်ရေမြင့်တက်ခဲ့မှုတို့ကြောင့် ဇူလိုင်လ ၂၆ ရက် ညနေပိုင်းက ပြိုကျပျက်စီးခဲ့သည့်နေရာသို့ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး၏အဓိကကုန်ထုတ်လမ်းကြောင်းဖြစ်ခြင်းကြောင့်သံဘေလီတံတားအမြန်ဆုံးတပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်နေပြီး ဘေလီတံတားတပ်ဆင်နေစဉ်ကာလတွင် ကူးတို့ဆိပ်အား ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စုနှင့် မင်းလှမြို့နယ် သရက်တပင်ကျေးရွာအုပ်စုတို့ရှိ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ကြိုတင်ဆောင်ရွက်ထားသည့် အရန်ပျိုးခင်းများမှ ပျိုးပင်များဖြင့် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်သုံးသီးစိုက်နေရာများတွင် စိုက်ပျိုးရာသီအချိန်မီစေရေးအတွက် သက်တမ်းတိုပြီး ပျိုးသက်ရင့်သည့်ပျိုးပင်များစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ဒေသခံတောင်သူများအတွက် မျိုးစပါးနှင့် ဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေကြီးနစ်မြုပ်သည့် မိုးစပါးစိုက်ဧကများအတွက် မြစ်ရေမြင့်တက်စဉ်ကာလတွင် ပျိုးဗန်းများဖြင့် ကြိုတင်ပျိုးထောင်ထားသည့် စပါးပျိုးခင်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးဧကများအတွက် ပြည့်စုံစွာပျိုးထောင်နိုင်ရေးလိုအပ်သည်များပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၀၁)တင်ထိုး(ပဲခူး)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၉၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၉၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၁၁-၈-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မုံရွာ | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ပဉ္စမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ ပဉ္စမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးအောင်မြတ်က သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားသည်။

ထို့နောက် အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာ သွေးလှူရှင်ပြည်သူများအား အမျိုးသားသွေးလှူဌာနမှတာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းကြသည့် သွေးလှူရှင်များကို စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့စသည့် အာဟာရအစားအစာများ၊ အမျိုးသားသွေးလှူဌာနမှ သံဓာတ်အားဆေးစသည်တို့ကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇော်မင်းလတ် (သတင်းစဉ်)**

# မစ္စ မာကျားအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်

နေပြည်တော် ဩဂုတ် ၁၂

မစ္စ မာကျားအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စ မာကျားသည် ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၊ ယုံးဂျီမြို့၊ ရှန်ရှီးပြည်နယ်တွင် မွေးဖွားခဲ့ပြီး တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်ပါသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်မှ စတင်၍တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပရှိ တရုတ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ ၎င်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဦးစီးဌာနတွင် သံအရာရှိနှင့် တတိယအတွင်းဝန်အဖြစ် ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိလည်းကောင်း၊ တတိယအတွင်းဝန်နှင့် ဒုတိယအတွင်းဝန်အဖြစ် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လည်းကောင်း အသီးသီးတာဝန်များထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးတွင် တတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဂျပန်နိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ စင်ကာပူနိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ ဗြိတိန်နိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံအခြေစိုက် တရုတ်သံရုံးတွင်သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မလေးရှားနိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် သံမှူးနှင့် သံမှူးကြီးအဖြစ်လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရုတ်နိုင်ငံ၊ ဟိုင်နန်ပြည်နယ်၊ စန်းရှမြို့တွင် ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ယနေ့အထိ အိန္ဒိယနိုင်ငံအခြေစိုက် တရုတ်သံရုံးတွင် သံမှူးကြီးနှင့် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ဩဂုတ်လ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက် မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°C | / | ၃၃.၄°C |
| ရန်ကုန် | ၂၆°C | / | ၃၄.၆°C |
| မန္တလေး | ၂၉°C | / | ၃၈.၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုဆောင်းပါး

# ဒစ်ဂျစ်တယ်အရွေ့နှင့် ယနေ့လူငယ်

**ကိုဝင်းမော်ထွန်း**

"သင်ယူမှု ရပ်တန့်လိုက်တဲ့ အချိန်ဟာ
အောင်မြင်မှု ကျဆုံးသွားချိန်ပဲ"

ဘရမ်စတုတ်ကာ
(အိုင်ယာလန်နိုင်ငံသားစာရေးဆရာ)

လူ့ဘဝ၌ မွေးဖွားလာသည်မှ သေဆုံးသည်ထိ သင်ယူခြင်း၊ သင်ကြားခြင်းအပြင် အစဉ်လေ့လာခြင်းပြုနေကြရပေသည်။ သို့မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ အောင်မြင်သော အနာဂတ်ဘဝ ရရှိနိုင်ကြမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့သည် ''အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့'' ''International Youth Day''ဖြစ်သည်။

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"

"From Clicks To Progress: Youth Digital Pathways For Sustainable Development ''

အဆိုပါဆောင်ပုဒ်ကို လူငယ်ထုအတွက် ချမှတ်ပေးထားပြီးဖြစ်ရာ ကောင်းမွန်စွာဆောင်ရွက်သွားကြရပေမည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်၊ ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူငယ်များအပါအဝင် ပြည်သူပြည်သားအားလုံး၏အလုပ်လုပ်ကိုင်မှုစွမ်းရည်၊ အသိဉာဏ်ပညာစွမ်းရည်အစရှိသောအရာများလိုအပ်ပေ၏။ ထို့အတူ ကာယဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဉာဏဗလ၊ ဘောဂဗလဟုသည့်ဗလငါးတန်ပြည့်စုံသော လူငယ်မောင်မယ်များ၏ စွမ်းရည်သတ္တိရှိရန်အထူးလိုအပ်ပေသည်။ လူငယ်ဆိုသည်မှာ ရဲဝံ့စွန့်စား၊ သင်ယူလေ့လာလိုစိတ်ပြင်းပြသူများဖြစ်ကြပေရာ ယခုလို IT နည်းပညာခေတ်၊ AI နည်းပညာခေတ်၌ ဒစ်ဂျစ်တယ်ရေစီးကြောင်းကို အမီလိုက်ပါနိုင်သူများလည်းဖြစ်ကြပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းနှင့် လူနေမှုအဆင့်အတန်းမည်သို့ရှိသည်ကိုသိရန်၊ ထိုနိုင်ငံသူ၊ နိုင်ငံသားတို့ မည်သို့သော စာပေအမျိုးအစားဖတ်ကြသလဲ၊လူဦးရေ မည်မျှစာဖတ်ကြသလဲ စသည်ကို ဆန်းစစ်ကြည့်ခြင်းဖြင့် သိနိုင်ကြပေမည်။ စာဖတ်ခြင်းသည်နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသည်ကို ယနေ့လူငယ်များ အသိပင်ဖြစ်သည်။ ထို့အတွက် စာမတတ်သူပပျောက်ရေးအစီအစဉ်ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးနေပေ၏။လူငယ်ထုပါဝင်ဆောင်ရွက်နေသော စာမတတ်သူ စာတတ်ရေး၊ စာတတ်သူ စာဖတ်ရေး၊ စာဖတ်သူများ စာဖတ်စွမ်းရည်နှင့် စာဖတ်ရှိန်မြင့်မားရေးတို့ကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်သိရှိ၊ ဖတ်ရှုနေကြရပေသည်။

ယနေ့ဒစ်ဂျစ်တယ်နည်းပညာခေတ်၌ လူကြီးများထက်ပိုမို၍ နည်းပညာကျွမ်းကျင်မှုရှိသည်မှာ လူငယ်မျိုးဆက်သစ်များပင်ဖြစ်၏။ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများသုံးစွဲမှု၌ အရေးပါသော လက်တော့/ကွန်ပျူတာ၊ တက်ဘလက်ဖုန်း၊ စမတ်ဖုန်းအစရှိသည်တို့ကိုအသုံးပြု၍ လူငယ်ထုသည် ကမ္ဘာနှင့်အဝှမ်း ချိတ်ဆက်ကာ အလုပ်လုပ်ကိုင်နေကြပြီဖြစ်သည်။ Facebook၊ You Tube၊ Telegram၊ Instagram၊ TikTok၊ Whatsapp အစရှိသည့်လူမှုကွန်ရက်ပလက်ဖောင်းများကိုအကျိုးရှိစွာ အသုံးချခြင်း၊ မိမိလေ့လာလိုသည့် website များဝင်ရောက်သင်ယူလေ့လာနိုင်ခြင်းဖြင့် ကမ္ဘာ့စာပေများစွာကို ဖတ်ရှုနိုင်လာကြပြီဖြစ်ပေရာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကိုအမီမလိုက်နိုင်ပါက ကမ္ဘာကြီးတွင် ခေတ်နောက်ကျကျန်ခဲ့နိုင်ပေသည်။ သို့ဖြစ်၍ ထိုနည်းပညာကို သင်ကြား၊ သင်ယူတတ်မြောက်လွယ်သော ယနေ့လူငယ်ထုအား နိုင်ငံမှအလေးထားကြသင့်သည်ဖြစ်ပေ၏။ ယခုစာရေးသူကိုယ်တိုင် အချို့သောစာပေပြိုင်ပွဲများ၌ နည်းပညာတတ်ကျွမ်းမှုအားနည်း၍ စာမူကို Pdf file မဖွဲ့တတ်ခြင်း၊ ဗီဒီယိုအတိုပြိုင်ပွဲများ၌ digital creation မပြုလုပ်တတ်ခြင်းတို့ကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် အခွင့်အလမ်းများဆုံးရှုံးခဲ့ရဖူးပေသည်။ ထို့ကြောင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့်အတူ သူနာပြု၊ သားဖွားသင်တန်းကျောင်းများ၌ ယနေ့လူငယ်အများကိုယ်တိုင်ပါဝင်သည့် စာကြည့်တိုက်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြင့်မားရေးပွဲတော်များကို ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးရေးသားခြင်းပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပေသည်။





လူငယ်မောင်မယ်အများစုသည် ခေတ်တွင်အရေးပါလာသည့်ဒစ်ဂျစ်တယ်ရေစီးကြောင်းကို အမီလိုက်ပါပြီး Digital Marketing၊ Digital Business အစရှိသည်တို့ကို ပိုမို၍ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဆောင်ရွက်ရင်း မိမိနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စွမ်းဆောင်သွားသင့်ကြပေသည်။

ယနေ့ခေတ် စာဖတ်သူလူငယ်အများစုမှာ နည်းပညာကျွမ်းကျင်သူများပါက အွန်လိုင်းမှဖတ်ရှုလေ့လာနိုင်ခြင်း၊ စာအုပ်စာစောင်များဝယ်ယူဖတ်ရှုနိုင်ခြင်း သို့တည်းမဟုတ် စာကြည့်တိုက်များသို့သွား၍ ငှားရမ်းဖတ်ရှုနိုင်ခြင်းပြုလုပ်နိုင်သည့် အခွင့်အရေးကောင်းများစွာရှိနေပေသည်။ စာရေးဝါသနာပါသူများသည်လည်း E-mail၊ G-mail တို့ဖြင့် စာမူများပေးပို့နိုင်ကာ တရားဝင်ဆောင်ရွက်နေသည့် Digital Books၊ E Books၊ Digital Magazines တို့တွင် ပါဝင်ရေးသားနိုင်၊ ဖတ်ရှုလေ့လာနိုင်လာကြပြီဖြစ်ပေသည်။ ထိုထိုသောနည်းပညာခေတ်၏ အသီးအပွင့်များရေရှည်စားသုံးနိုင်စေရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ယနေ့လူငယ်အများ၏ အခန်းကဏ္ဍကို အလေးထားကြရမည်ဖြစ်၏။ ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်ဖြစ်သော ''စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့်ဖော်ဆောင်ပေး''ဆိုသည့်အတိုင်း ဆက်လက်အားပေးချီးမြှင့်ကာ ဆောင်ရွက်ကြရမည်မှာ အမှန်ပင်ဖြစ်သည်။ လူငယ်ထု၏ကြားတွင် ရေပန်းစားနေသော ကလစ်တစ်ချက်ခေါက်လိုက်ရုံနဲ့ ကမ္ဘာကြီးထဲ ရောက်နိုင်တယ်ဆိုသကဲ့သို့ ယခုနှစ်ဆောင်ပုဒ်တွင်လည်း ''From Clicks To Progress: Youth Digital Pathways For Sustainable Development''ဟူ၍ ဖော်ပြရေးသားထားပေရာ အလွန်ပင်မှန်ပေသည်ဟုဆိုရမည်ဖြစ်၏။ မျိုးဆက်သစ်လူငယ်မောင်မယ်များ ဖော်ဆောင်နိုင်မည့် ဒစ်ဂျစ်တယ်လမ်းများအား လျှောက်လှမ်းစေကာ နိုင်ငံအတွက်၊ လူမျိုးအတွက် အကျိုးရလဒ်ကောင်းများရရှိစေရေး ဝိုင်းဝန်းကူညီဖေးမပေးသွားကြရမည်ဖြစ်ပေသည်။

အသက်အရွယ်ကြီးသူများအနေဖြင့် စာအုပ်၊ စာစောင်ကိုင်ပြီးဖတ်ရှုမှသာ စာဖတ်ရပိုအဆင်ပြေပေရာ မြို့ရွာအနှံ့တည်ရှိသော စာကြည့်တိုက်များမှာ သွားရောက်ငှားရမ်းဖတ်ရှုနိုင်ကြပေပြီ။ လူငယ်အများစုမှာမူကား ဆိုင်ထိုင်၍သော်လည်းကောင်း၊ မိမိနေအိမ်မှသော်လည်းကောင်း စမတ်ဖုန်း၊ ကွန်ပျူတာတို့မှ အင်တာနက်ချိတ်ဆက်ဖတ်ရှုနိုင်နေပြီဖြစ်၏။ ဤသည်မှာ လူကြီး၊ လူငယ်များ ကွာဟချက်၏အရေးပါသော ဒစ်ဂျစ်တယ်အရွေ့ကြောင့်ပင်ဖြစ်ရပေသည်။ သို့ဆိုပါလျှင် ကျဉ်းမြောင်းသော ကွာဟမှုမဖြစ်စေရေး၊ လူကြီးတို့၏ အတွေ့အကြုံဗဟုသုတများနှင့် မြန်မာလူငယ်များ၏နည်းပညာကျွမ်းကျင်မှုကိုပေါင်းစပ်ကာ တိုင်းပြည်အတွက် ကောင်းကျိုးဆောင်နိုင်ကြပါမူ ပိုမို၍သင့်တော်သည်ဟု ထင်မြင်ယူဆမိပါသည်။ နည်းပညာကျွမ်းကျင်သူများမှ အစဉ်မျှဝေခြင်းဖြင့် စာပေဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီစွမ်းဆောင်ပေးရင်း နိုင်ငံတကာ၌ မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုကို ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုရယူဆောင်ကြဉ်းပေးနိုင်ကြပါစေ။ အမိမြန်မာနိုင်ငံ၏ကောင်းသောအောင်မြင်မှုများကို ကမ္ဘာမှသိရှိစေရန် လူငယ်ထု၏စွမ်းဆောင်မှုဖြင့် ပုံဖော်ပြသပေးနိုင်ကြပါမူ ပို၍ နည်းပညာကွန်ရက်တည်ဆောက်ခြင်းအထောက်အကူဖြစ်ပေရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ခြင်းမည်ပေသည်။

အခါအခွင့်သင့်တုန်းမှာ လူငယ်စာရေးဆရာ သဟာဆွေလှိုင်း၏ ''Create good days ကောင်းမွန်သော နေ့ရက်များကို ဖန်တီးလိုက်ပါ'' စာအုပ်လေးထဲမှ ဒီစာစုလေးကို လူငယ်များအတွက် မျှဝေပေးလိုက်ပါရစေ။

"ဘဝမှာ လေ့လာရင်း၊ သင်ယူရင်း၊ ဝေမျှရင်း ကောင်းမွန်သစ်လွင်တဲ့နေ့တွေ အများကြီးဖန်တီးကြည့်ပါ။ ကျေနပ်စရာကောင်းပြီး စိတ်ကြည်နူးစရာတွေ ပြည့်နှက်နေတဲ့နေ့ရက်များစွာ ပိုင်ဆိုင်ရပါလိမ့်မယ်။"

ဒစ်ဂျစ်တယ်ဆိုတာ Binary Code နည်းပညာတွေကို အသုံးပြုပြီး မိမိတို့လိုလားသော၊ လိုအပ်သောအချက်အလက်တွေကို အချိန်၊ ရုပ်ပုံ၊ အသံ၊ စာဖိုင်များ၊ ဗီဒီယိုများ အစရှိသဖြင့် သိမ်းဆည်းနိုင်ခြင်း၊ ပြောင်းလဲနိုင်ခြင်း၊ ပို့ဆောင်ပေးနိုင်ခြင်းတို့ဖြစ်သည်။ ယနေ့လူငယ်များအနေဖြင့်လည်း ဒစ်ဂျစ်တယ်နည်းပညာကို အကျွမ်းတဝင်ဖြစ်အောင် လေ့လာဆည်းပူးကာ ကမ္ဘာလောကစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးရှိသော ပူးပေါင်းဆောင်ရွက်မှုပြုနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ''အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့''ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

**ယနေ့ဒစ်ဂျစ်တယ်နည်းပညာခေတ်၌ လူကြီးများထက်ပိုမို၍ နည်းပညာကျွမ်းကျင်မှုရှိသည်မှာ လူငယ်မျိုးဆက်သစ်များပင်ဖြစ်၏။ ခေတ်မီ အီလက်ထရွန်နစ်ပစ္စည်းများသုံးစွဲမှု၌ အရေးပါသော လက်တော့/ကွန်ပျူတာ၊ တက်ဘလက်ဖုန်း၊ စမတ်ဖုန်းအစရှိသည်တို့ကိုအသုံးပြု၍ လူငယ်ထုသည် ကမ္ဘာနှင့်အဝှမ်းချိတ်ဆက်ကာ အလုပ်လုပ်ကိုင်နေကြပေပြီဖြစ် . . . . .**

# ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးအား ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဩဂုတ် ၁၁

ကယားပြည်နယ်အတွင်း ပြန်လည် တာဝန်ထမ်းဆောင်နေကြသည့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ကုသရေးဦးစီးဌာနရှိဝန်ထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ခုတင်(၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးခန်းမ၌ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဆေးရုံကြီး အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာစည်သူက ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များကို တင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ၎င်းနောက် ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွင်း တက်ရောက်ကုသနေသည့် လူနာများအား သွားရောက်ကြည့်ရှုအားပေး၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို အသေးစိတ်မေးမြန်းကာ ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထွေထွေရောဂါကုပြင်ပလူနာဌာနသို့သွားရောက်၍ဆေးကုသမှုခံယူရန် ရောက်ရှိနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ ၊ သွားနှင့်ခံတွင်း ကုသဆောင်များတွင် လူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေများအား ကြည့်ရှုအားပေးခဲ့ပြီး ဆေးရုံကြီးအတွင်းရှိ ကလေးရောဂါကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ဓာတ်မှန်ခန်းများ၊ ဓာတ်ခွဲခန်းများအဆောင်၊ ကျောက်ကပ်သန့်စင်ခန်း ၊ ဆေးသိုလှောင်ရေးဌာနများသို့သွားရောက်၍ ဆေးကုသနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဆေးရုံကြီးအောက်ဆီဂျင်စက်ရုံသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး စက်များကြံ့ခိုင်မှုစစ်ဆေးခြင်း၊ အမြန်ဆုံးပြန်လည်လည်ပတ်သုံးစွဲနိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




**❑ ရှေ့ဖုံးမှအဆက်**

ပိုပြီးတိုးတက်လာပါတယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဝင်းကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူခရိုင်၌ မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်၌ ၅၁၅၈၆ ဧကနှင့် ကျွန်းလှမြို့နယ်၌ ၇၂၂၃ ဧက စုစုပေါင်း ၅၈၈၀၉ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်းနှင့် တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ကန့်ဘလူခရိုင်၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၉)

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဆွမ်း

**(ယမန်နေ့မှအဆက်)**

ဒုတိယကျော်အောင်စံထားဆရာတော်ဘုရားကြီးက ဆဝဆွဲပသတ်ကား "ပူလောင်ထိုးဆွပ်၊ ကျီးငှက်ခွပ်၍၊ ဖပ်ဖပ်သွေးစို" စသည်ဖြင့် ထိုးဆွပ်သည်၊ ကိုက်ဆွပ်သည်ဆိုသော အရာထင်၏။ ထိုးဆွသည်၊ ဆိတ်ဆွသည် ဟူသောအနက်နှင့် သဘောတူသင့်၏"ဟု ဝေါဟာရတ္ထပကာသနီကျမ်းတွင် ရှင်းပြတော်မူခဲ့ပါသည်။

ဆွံ။ ။ ဆွံဟူသောဝေါဟာရသည် ယခုခေတ်မြန်မာဘာသာ၊ မြန်မာစာပေတွင် အသုံးနည်းသောဝေါဟာရဖြစ်ပါသည်။ သို့ရာတွင် ရှေးအခါကမူ ဆွံဟူသောဝေါဟာရကိုသာ သုံးသည်ကို တွေ့ရသည်။ ပျို့ကဗျာလင်္ကာများတွင် ဆွံအသုံးများကိုသာ တွေ့ရသည်။(ဆွံဟူသောဝေါဟာရနေရာတွင် ဆွံ့ဟု ယခုအခါအသုံးတွင်ကျယ်သည်။)

ဆွံ ကို စိမ်း၊ မမှည့်မရင့်၊ မကျက်နပ်၊ မရင်းနှီး၊ စိမ်းကားဟူသော အနက်တို့ဖြင့် သုံးသည်။

"မစိမ်းမဆွံ၊ မရွံမထိတ်၊ ခြင်္သေ့စိတ်သို့" (ကိုးခန်း*၃၃)

"မစိပ်မဆွံ၊ စာရေးတံ၊ ရေနံမသုတ်ဘဲ" (ကဝိ*၃၀၇)

ဆွံ – ကို စကားတံ့ဆိုင်းသည့်အနက်၊ အ သည့်အနက်ဖြင့်သုံးသည်။

"မင်းဖြစ်ကြောက်ရွံ၊ လွတ်အောင်ကြံ၍ အဆွံသောလား"(သုတသောမ*၆၃)

ဆွံ – ကို ခြေလက်တံ့ဆိုင်း၊ မလှုပ်ရှားနိုင်အနက်ဖြင့်သုံးသည်။

"အာသာဆက်ဆံ၊ ငခြေဆွံနှင့် ရည်ငံချစ်မြူ" (ဆုတောင်း*၆၇)

"မကျက်စိမ်းဆွံ၊ စဆွံတစ်ထွေ၊ နှုတ်ခြေလက်ဆွံ"(ဆကာရန္တ*၉)

"နင်းကျီးနင်းကျွံ၊ ခြေလက်ဆွံ၊ ချွံချွံမသွားဘဲ" (ကဝိ*၂၈၉)

ဆွံ–စဆွံစရပ်။

"အလျားအနံ၊ သည်စဆွံ၊ သံဆယ့်ကိုးတောင်ခွဲ (ကဝိ*၃၀၅)

"မကျက်စိမ်းဆွံ၊ စဆွံတစ်ထွေ၊ နှုတ်ခြေလက်ဆွံ(ဆကာရန္တ*၉)

ဆွံ၏အနက်ရင်းကိုသိလိုလျှင်'ဆုံ'ဟူသောဝေါဟာရနှင့် ဆုပ် ဟူသောဝေါဟာရတို့တွင်ရှာ၍သိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် 'ဆွံ'နှင့် 'ဆုံ'၊ 'ဆုံ' နှင့် 'ဆုပ်'ကို အနက်တူကြသောကြောင့်ဖြစ်သည်။ ဆွံ=ဆုံ၊ ွ = ု ။ ဆွံ၊ ဆုံ။ တို့၏ အနက်မှာ ပေါင်းဆုံစုရုံးသည့်အနက်ဖြစ်သည်။

စိမ်းဆွံဆိုသည်မှာ အစိမ်းဓာတ်၊ အစိုဓာတ်ကိန်းအောင်းဆုံစည်းသည့်အနက်ဖြစ်သည်။

နှုတ်ဆွံသည်၊ ခြေလက်ဆွံသည်။ စကားထစ်သည် စသည်တို့မှာ ခန္ဓာကိုယ်ရှိဆိုင်ရာအကြောအခြင် စသည်တို့ ဆုံစည်း၊ ဆိုင်းဖွဲ့ချုပ်ထို၊ ဆုပ်ဆွဲဆုပ်ကိုင်သည့် အနက်ပင်ဖြစ်သည်။

စဆွံဆိုသည်မှာ စရပ်(ဇရပ်)၏ အမည်တစ်မျိုးဖြစ်သည်။ စရပ်(ဇရပ်)၏ ပရိယာယ်ပင်ဖြစ်သည်။ အသုံးပြုပုံခွဲခြားကွဲပြားသည်ကိုစွဲ၍ အမည်ကွဲသည်ဟု မှတ်ယူနိုင်ပါသည်။ စဆွံဆိုသည်မှာ လူအများဆုံသည့် နေရာ၊ စုသည့်နေရာ၊ စည်းဝေးသည့် နေရာဖြစ်၍ စရပ်(ဇရပ်)ဆိုသည်မှာ လူအများ(ခရီးသွား) စသည်တို့ ရပ်နားရာ၊ နားခိုရာဖြစ်ပါသည်။ စရပ်(ဇရပ်)တွင် အထူးသဖြင့် ခရီးသွားများ နားခိုရပ်နားအပန်းဖြေကြ၍ စဆွံတွင် လူအများဆုံစည်းစုရုံးစည်းဝေး တရားနာကြပါလိမ့်မည်။

ဆွံ့။ ။ ဆွံ့ ကို မြန်မာအဘိဓာန်တွင် ၁။ ကိုယ်လက်အင်္ဂါမစွမ်းမသန်ဖြစ်သည်။ ၂။ စကားထစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ပြပါသည်။ စကားမပြောနိုင်ဖြစ်သည်ကိုမူ ဆွံ့အသည်ဟု ဆိုထားပါသည်။ ရှေးအခါက အမြစ်မပါသော ဆွံဟူသော ဝေါဟာရကိုသာသုံး၍ အမြစ်ပါသော ဆွံ့ဟူသော ဝေါဟာရကို မသုံးခဲ့ဟုဆိုရပါမည်။ ရှေးပျို့ကဗျာလင်္ကာတို့တွင် ဆွံ့ဟူသောအသုံးကို မတွေ့ရပါ။ ဆွံအသုံးများကိုသာ ပြပါသည်။ ဒုတိယကျော်အောင်စံထားဆရာတော်ဘုရားကြီးက သူ၏ ဝေါဟာရတ္ထပကာသနီကျမ်း (၁၁၃၁ ခုနှစ်ပြီး)တွင် "ဆဗျည်း ဝဆွဲ သေးသေးတင် အမြစ်ကားမတင်"(အသုံးမရှိ)ဟု ဆိုခဲ့ပါသည်။

ဆွံနှင့် ဆွံ့တို့တွင် ဆွံကို ယခုခေတ်မသုံး၊ ရှေးခေတ်ကသုံးသည်။ ဆွံ့ကို ရှေးခေတ်ကမသုံး၊ ယခုခေတ်သုံးသည်ဟု ဆိုရပါမည်။ မည်သို့ပင်ဖြစ်စေ ဆွံနှင့် ဆွံ့တို့ အနက်တူကြပါသည်။ ဆုံ၊ ဆုံ့၊ ဆုပ် အနက်များနှင့် ဆက်နွှယ်စဉ်းစားလျှင် အဖြေထွက်ပါသည်။ ဆုံစည်းသည့်အနက် ဆုံ့ဆည်းသည့်အနက်၊ ဆုပ်ကိုင်၊ ဆုပ်ဆိုင်း၊ ဆုပ်ထိုင်းသည့် အနက်များပင်ဖြစ်ပါသည်။ အသုံးပြုသူတို့နှုတ်တက်သလို ပြောဆိုသုံးနှုန်းခဲ့ကြခြင်းဖြစ်သည်ဟု ဆိုရပါမည်။ မြန်မာဘာသာစကား မြန်မာစာ၏ သဘောသဘာဝ၊ ဥပဒေသအရဆိုသော် ဆွံနှင့်ဆွံ့သည် အနက်ရင်းတူသည်။ သို့ရာတွင် ဆွံသည် ဆွံ့ထက်အနက်အားကြီးသည်ဟု ဆိုရပါမည်။

ဆွမ်း။ ။ သုံးသံတွဲစနစ်၊ တက်ကျသံစနစ်အရသော် ဆွမ်းသည် ဆွံ၊ ဆွံ့တို့ထက် အနက်အားကြီးသည်။ ဆွံသည် မူလသံ မူလနက်ဖြစ်ပြီး ဆွံ့သည် အားနည်းသောအသံဖြစ်ပြီး အားနည်းသောအနက်ကိုဟောသည်။ ဆွမ်းသည် အားကြီးသောအသံ၊ အဆုံးသံဖြစ်၍ အားကြီးသောအနက်၊ အဆုံးစွန်အနက်ဖြစ်သည်။ ဆွံ၊ ဆွံ့၏အနက်သည် ဆုံကာမျှ၊ ပေါင်းကာမျှဖြစ်သော်လည်း ဆွမ်း၏အနက်မှာ ဆုံကာမျှ၊ ပေါင်းကာမျှထက် ကျော်လွန်၍ ပေါင်းရုံးရောနှောသည့်အနက်အထိ သက်ရောက်ပါသည်။ ဤသို့ဖြင့် ဆွမ်းသည် ပေါင်းရုံးရောနှောနေသောအရာကိုခေါ်သည်ဟု အဖြေထွက်ပါသည်။ မည်သို့ပေါင်းရုံးရောနှောသနည်း။ ရဟန်းတို့ ဆွမ်းခံသောသပိတ်အတွင်း ပေါင်းရုံးရောနှောကြပါသည်။ ရဟန်းတို့သည် သပိတ်ကိုအသုံးပြု၍ ဒါယကာ ဒါယိကာမများအိမ်တွင် ဆွမ်းခံကြရပါသည်။ ဒါယကာ ဒါယိကာမများသည် ရဟန်းတော်များ၏ သပိတ်တွင်းသို့ ထမင်း၊ ဟင်း၊ သစ်သီး စသည်တို့ လောင်းထည့်၍ လှူဒါန်းကြပါသည်။ သပိတ်တွင်းတွင် ပေါင်းရုံးရောနှောနေသော အစာအားလုံးသည် ဆွမ်းများဖြစ်ကြပါသည်။ ဤသို့ဖြင့် ထမင်းသည်လည်းဆွမ်း၊ ဟင်းမျိုးစုံသည်လည်း ဆွမ်း၊ နွားနို့လည်း ဆွမ်း၊ သစ်သီးလည်းဆွမ်း ဖြစ်ကြလေတော့သည်။ အမှန်စစ်စစ် သပိတ်အတွင်းလောင်းလှူပြီးမှ သပိတ်အတွင်းရောက်ရှိပြီးမှ ဆွမ်းဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ သပိတ်အတွင်းသို့ထည့်လောင်းလှူဒါန်းသည်ဖြစ်စေ၊ အပြင်တွင် ပန်းကန်စသည်ဖြင့် ထည့်၍ လှူဒါန်းသည်ဖြစ်စေ အထူးသဖြင့် ထမင်း၊ ဟင်း၊ သစ်သီး၊ နွားနို့ စသည်တို့ကိုလည်း ဆွမ်းဟုပင်ခေါ်ဆိုကြပါသည်။

ဤတွင် ပါဠိဝေါဟာရတည်ဆောက်ပုံကို လေ့လာကြည့်လျှင် ပါဠိဝေါဟာရ"ပိဏ္ဍပါတ"နှင့် မြန်မာဝေါဟာရ ဆွမ်းတို့၏ တူညီသော သဘောကို တွေ့နိုင်ပါသည်။ T.W. Rhys Davis ၏ Pali–English Dictionary တွင် ပိဏ္ဍနှင့် ပိဏ္ဍပါတကို အဓိပ္ပာယ်ခွဲပြထားသည်ကို တွေ့ရပါသည်။ ယင်းအဘိဓာန်တွင် ပိဏ္ဍ"piṇḍa ကို –n. a lump of food esp of alms, alms given as food ဟူ၍လည်းကောင်း၊ ပိဏ္ဍပါတ"Piṇḍapatā ကို food received in the alms–bowl(of the bhikkhu) ဟူ၍လည်းကောင်း ပြထားပါသည်။ ဆရာကြီး ဦးဖေမောင်တင် (၁၉၂၀ ပြည့်နှစ် ပါဠိပါမောက္ခမောင်ထင်ဘဝက) ပြုစုခဲ့သော The Student's Pali–English Dictionary တွင် Pinda–ṇ. a lump,ball,mass, morsel, food ဟု အဓိပ္ပာယ်ဖွင့်ပြ၍ Pindapata ကို n– alms– food, lumps of food received in the alms–bowl of a monk ဟူ၍ ဖွင့်ပြခဲ့ပါသည်။

အထက်ပါအဘိဓာန်များ၏ အဓိပ္ပာယ်ဖွင့်ပြချက်များအရ ပိဏ္ဍဟူသည်မှာ အတုံးအခဲ၊ အလုံးအခဲ၊ အလုတ်၊ စားဖွယ်(မြန်မာ့ဓလေ့တွင် ထမင်း)ဖြစ်၍ ပိဏ္ဍပါတသည်သာ သပိတ်တွင်းရောက်ရှိ ပေါင်းရုံးနေသောစားဖွယ် "ဆွမ်း"ဖြစ်ကြောင်း ထင်ရှားပါသတည်း။ ။

[ပိဏ္ဍ = Piṇḍa=ထမင်း။
ပိဏ္ဍပါတ = Piṇḍapatā=ဆွမ်း။]

**မြန်မာစာကိုချစ်မြတ်နိုးတတ်ပါစေ။**

# အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ငွေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူး




ရန်ကုန် ဩဂုတ် ၁၁

အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်း၌ ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်ထိကျင်းပသည့် (၅၆)ကြိမ်မြောက်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

ဆုတံဆိပ်များအား ကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ရဲထွန်းနောင်က ရွှေတံဆိပ်တစ်ခု၊ Women's Model Physique up to 160 cm ပြိုင်ပွဲတွင် နီနီအောင်က ရွှေတံဆိပ်တစ်ခု၊ Men's Athletic Physique up to 182 cm ပြိုင်ပွဲတွင် ထက်လင်းကိုကိုက ငွေတံဆိပ်တစ်ခုနှင့် Women's Athletic Physique up to 165 cm ပြိုင်ပွဲတွင် သဲဝါက ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ Men's Athletic Physique up to 175 cm ပြိုင်ပွဲတွင် ကိုကိုကျော်ဖြိုးက စတုတ္ထဆု၊ ကာယဗလ ၈၅ ကီလိုတန်းပြိုင်ပွဲတွင် ဟိန်းထက်ကျော်နှင့် Men's Sports Physique up to 170 cm ပြိုင်ပွဲတွင် သန်းထိုက်ဦးတို့က ပဉ္စမဆုများရရှိခဲ့ကြကြောင်းသိရသည်။




**ဝန်းရံခ**

# ပဲရစ်အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမေရိကန်က ဘရာဇီးကိုအနိုင်ယူပြီး ရွှေတံဆိပ်ဆွတ်ခူး





ရန်ကုန် ဩဂုတ် ၁၁

ပဲရစ်အိုလံပစ်၂၀၂၄ အမျိုးသမီးဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲအဖြစ် နာမည်ကြီး ဘရာဇီးနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အသင်းက ပွဲချိန် ၅၇ မိနစ်တွင် ရရှိခဲ့သော စွမ်ဆန်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိကာ အိုလံပစ်ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဩဂုတ်လ ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၄၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဘရာဇီးအသင်းသည် ပြိုင်ဘက်အမေရိကန်အသင်းကို ခြေစွမ်းအသာဖြင့် ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ရွှေတံဆိပ်ဆွတ်ခူးခွင့် လွဲချော်ခဲ့သည်။

အမေရိကန်အသင်းက ဘရာဇီးအသင်းဘက်သို့ ရံဖန်ရံခါထိုးဖောက်တိုက်စစ်ဆင်မှုများမှရရှိလာသည့် အပိုင်အခွင့်အရေးကို အမိအရအသုံးချကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**မိုးဇက်**

# ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်လ၊ ဩဂုတ်လတို့တွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ (၁၄၄)ကြိမ်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉) လုံးထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သောနေရာတွင်ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်းမျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသောတိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသောဒေသများတွင်မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင်ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက်ပြည်သူများအနေဖြင့်အောက်ဖော်ပြပါ အချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းရှိ သီလဝါဆိပ်ကမ်းတံတားများနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများ၏လုပ်ငန်းများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်း သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် သီလဝါဆိပ်ကမ်း တံတားများနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနလက်အောက်မှ ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း - သီလဝါ (Myanmar International Terminal Thilawa- MITT) သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က သီလဝါဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ MITT ဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းတံတားကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံ့လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောရိုးမဏ္ဍိုင်ဖြစ်၍ ရေကြောင်းကုန်သွယ်မှုများ လွယ်ကူအဆင်ပြေချောမွေ့စေရန် အစိုးရဌာနအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပံ့ပိုးပေးနေသကဲ့သို့ ဆိပ်ကမ်းအာဏာပိုင်နှင့်အတူလက်တွဲ ဝန်ဆောင်မှုပေးနေကြသည့် ပုဂ္ဂလိက ဆိပ်ကမ်းတံတားများ၏အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသဖြင့် နိုင်ငံတကာနှင့်ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာသုံးသပ်ပြီး အစိုးရ-ပုဂ္ဂလိက အကျိုးမျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ကြရန် မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ MITT ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှုနှင့် ဆိုက်ကပ်လာသည့် သင်္ဘောများပေါ်မှ ခတ်မြေဩဇာများ ချယူနေမှု၊ Wilmar Myanmar ဆိပ်ကမ်းတံတား၌ စားသုံးဆီနှင့် ကောက်ပဲသီးနှံကိုင်တွယ်နိုင်မှုနှင့် သင်္ဘောများပေါ်သို့ ပြောင်းဆန်ပို့ကုန်များ တင်ဆောင်နေမှု၊ Thilawa MPA International Terminal (TMIT) ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှု၊ ပီတောက်ရွှေဝါကုမ္ပဏီ စက်သုံးဆီ ဆိပ်ခံတံတား၏ စက်သုံးဆီချယူဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တစ်ဆင့် သန်လျင်မြို့ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ သင်ကြားရေးဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော ရေကြောင်းပညာရပ်များ သင်ကြားပို့ချ၊ လေ့ကျင့်ပေးနိုင်ရေး၊ တက္ကသိုလ်သို့ လာရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ နေထိုင်မှု၊ သင်ကြားမှု၊ လေ့ကျင့်မှုတို့တွင် အဆင်ပြေချောမွေ့စေရေး၊ အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် ပျိုးထောင်ပေးနိုင်ရေးကို မှာကြားပြီး တက္ကသိုလ်၏ ခေတ်မီစာကြည့်တိုက်၌ စီစဉ်ပေးထားသော e-Library စနစ်၊ စာအုပ်စာတမ်းများ ထိန်းသိမ်းကိုင်တွယ်မှုစနစ်များနှင့် ရေကြောင်းဆိုင်ရာ လေ့ကျင့်ရေး Simulator ခန်း၏ လက်တွေ့လေ့ကျင့်သင်ကြားမှုစနစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးတွင် ရန်ကုန်မြို့၌အခြေစိုက်သော ဝန်ကြီးဌာနအောက်ရှိဌာနအဖွဲ့အစည်းများမှ အကြီးအမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရေး မှာကြားသည်။

ထို့နောက်တစ်ဆင့် ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက Integrated Vessel Monitoring and Tracking System ဆိုင်ရာ တင်ပြမှုအပေါ် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကျိုးရှိစွာအသုံးချရေး မှာကြားပြီး ဝန်ထမ်းများကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်သည်။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၊ ပုဇွန်တောင်ချောင်းကမ်းပါးတွင် ဌာနပိုင် ရေကြောင်းပြရေယာဉ်များနှင့် သောင်တူးသင်္ဘောများ လွှန်းတင်ပြင်ဆင်နိုင်ရေး တိုးချဲ့တည်ဆောက်နေသည့် ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်လွှန်းကျင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဖ၀၀)

# ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေဘေးအန္တရာယ်ရှိသည့်နေရာများမှ ပဲခူးမြို့ရှိ ပုညကာရီဆုတောင်းပြည့်စာသင်တိုက်သို့ ယာယီရွှေ့ပြောင်းနေထိုင်နေသည့် ရေဘေးသင့်ပြည်သူများအား ဩဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်း၍သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့နယ်၊ မုန်တိုင်ကျေးရွာအုပ်စု၊ သနပ်ပင်မြို့နှင့် ကဝမြို့နယ်တို့ရှိ မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအား သီးခြားစီသွားရောက်တွေ့ဆုံရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးစပါးရေကြီးနစ်မြုပ်မှုများကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တိုင်းမှူးတို့က မိုးစပါးရေကြီးနစ်မြုပ်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ အသီးသီးထောက်ပံ့ပေးအပ်ပြီး မိုးစပါးပြန်လည်စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လာအိုနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ်လ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပမည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်နန္ဒာမွန်း (အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်) နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

# စက်မှုကုန်ကြမ်းသီးနှံ ဝါဝယ်ယူရရှိရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြေပြင်ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး



ပျော်ဘွယ်မြို့နယ် စပယ်ကျေးရွာအုပ်စု ပွဲ့ကိုင်ရွာ တောင်ကွင်း၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် တောင်သူ ဦးတင်ကို၏ ဘီ-၃၁ မျိုးဝါများစိုက်ပျိုးထားရှိမှု၊ ဝါများခူးဆွတ်နေမှုနှင့် ထွက်ရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ အောင်ကမ္ဘာဝါအဝယ်ဒိုင်သို့ ရောက်ရှိပြီး ဝါဈေးကွက်အခြေအနေ၊ ဝယ်ယူရရှိမှု၊ ယခုနှစ်တွင် ထွက်ရှိမည့် ဝါအရည်အသွေး အခြေအနေတို့ကိုမေးမြန်း၍ ဝါအဝယ်ဒိုင်အတွင်း ဝါများသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများ၊ MSME များ၏ပကတိအခြေအနေမှန်များကို သိရှိနိုင်ရေးအတွက် လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးရန်နှင့် လုပ်ငန်းများနှင့်ပတ်သက်၍ အတွင်းကျကျသိရှိအောင်ဆောင်ရွက်ရန်၊ ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကိုသိရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကိုပါရရှိနိုင်၍ အလေးအနက်ထားဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ TBL Limited ၏ ဝါမျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုစမ်းသပ်စိုက်ပျိုးထားသည့် ဝါစိုက်ကွင်းသို့ ရောက်ရှိစစ်ဆေးပြီး စက်မှုဝန်ကြီးဌာနရှိ ချည်မှျင်စက်ရုံများတွင် ၁/၄၀ ချည်များ ထုတ်လုပ်ရန်အတွက်သာ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားပြီးဖြစ်သော်လည်း ယခုအခါ ၂/၈၀ ချည်များကိုလည်း ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထုတ်လုပ်လျက်ရှိကြောင်း၊ ၂/၈၀ ချည်များထုတ်လုပ်ရန်အတွက် ဝါဂွမ်းများရှိ အမျှင်အရှည်များသည် သတ်မှတ်ထားသည့်အတိုင်းအတာများရှိရမည်ဖြစ်ကြောင်း၊ ယခုသုတေသနပြုလုပ်ပြီး ထုတ်လုပ်ထားသည့် ဝါမျိုးစေ့များဖြင့်စိုက်ပျိုး၍ ထွက်ရှိလာသည့် အမျှင်ရှည်သော ချည်မျှင်ရှည်ဝါ များသည် ၁/၄၀ နှင့် ၂/၈၀ ချည်များကို ထုတ်လုပ်နိုင်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ကြရန်နှင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ TBL – KTK –1 ဝါမျိုးစေ့များဖြင့် စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးဌာနမှူးက ခရိုင်အတွင်းရှိစက်မှုလုပ်ငန်းများအား ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု၊ MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နေမှုနှင့် MSME အဖွဲ့ဝင်ကတ်များထုတ်ပေးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန၏ အမှုထမ်း၊ အရာထမ်းအိမ်ရာများနှင့် အပျို/လူပျိုဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အိမ်ရာများ၊ အဆောင်များတွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နေထိုင်သွားရန်၊ အိမ်ရာများတွင် မီးဘေးနှင့်လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အမြဲမပြတ်ကြီးကြပ်စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်းနှင့် အိမ်ရာလုံခြုံရေးအတွက် လုံခြုံရေးသတိဖြင့် အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် နေပြည်တော်ရှိဝန်ထမ်းအိမ်ရာများနှင့် အဆောင်များရှိ ဝန်ထမ်းများ၏ စားဝတ်နေရေးအဆင်ပြေမှုရှိစေရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်မှုရှိစေရေးနှင့် ယခုမိုးတွင်းကာလတွင်ဖြစ်ပေါ်တတ်သော ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည့်အိမ်ရာအချို့ကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများအားမေးမြန်း၍ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Mandalay's Zaygyo Market sees good trading starting from fourth week of July

MANDALAY August 11

"Mandalay's Zaygyo market has good trading starting from the fourth week of July," said U Aung Myint Thein, Chair of the market board of trustees.

Zaygyo market is a hub to distribute clothes, textile, personal goods, foodstuffs, and fruits as well as other kinds of goods in wholesale and retail sale in Mandalay. It resumes good trading from the fourth week of July.

"At present, the market is engaged in trading with foodstuffs, personal goods and traditional medicines. Significantly, rice, cooking oil onion, garlic, fish-paste and dried fish are high trading," he added.

Moreover, clothes and other personal goods imported from neighbouring countries are seeing high demand at the market.

"Zaygyo market is distributing various kinds of goods such as clothes, textile, foodstuffs and personal goods to the upper Myanmar area. Now, foodstuff is in the highest demand at Zaygyo market at present, followed by cosmetics and personal goods," he continued.



The market is formed with more than 3,000 shops selling foodstuffs, textile, clothes, traditional medicines, and gold and jewellery shops.

**SK**

## More than 80,000 bags of broken rice sent to Yangon market



DANUBYU August 11

"Local businesspersons sent 85,000 bags of broken rice from Danubyu Township of Ayeyawady Region to Yangon market," said Daw Thu Aung, owner of rice trading brokerage in Pantanaw Township.

They sent 57,000 bags of broken rice to Yangon market in May and 85,000 bags in June. Demand of broken rice is high in Yangon market.

"Local businesspersons primarily send broken rice to Yangon market. Demand of broken rice has been remarkably since the first week of June. So, local businesspersons send bags of broken rice to Yangon," said Daw Thu Aung.

In Yangon market, broken rice fetched Ks-45,000 per bag. Due to high prices and demands, local businesspersons and those in chain of rice trading can earn increased incomes for their families.

**SMK**

## Sagaing District plants more than 2,000 acres of Tragacanth gum trees this monsoon

SAGAING August 11

According to the statistics of Sagaing District Agriculture Department, a total of 2,694 acres of Tragacanth gum plants have been grown in Sagaing District of Sagaing Region this monsoon.

The district earmarked 2,694 acres of Tragacanth gum plants this monsoon. Local farmers planted 579 acres of Tragacanth gum plants in Sagaing Township, 2,056 acres in Myinmu Township and 59 acres in Myaung Township, totalling 2,694 acres.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "Local farmers have planted Tragacanth gum plants meeting the target this year. The plant can be grown in try region successfully."

In 2024-2025 monsoon season, Sagaing Township earmarked 579 acres of Tragacanth gum plants, Myinmu Township 2,056 acres and Myaung Township 59 acres.

Staff from relevant agriculture departments urged local farmers to use GAP. The products of Tragacanth gum plants with lesser residue of chemicals can fetch good prices in the market.

Agriculture Department planned to cooperate with chamber of merchants for local farmers to fetch good prices of Tragacanth gum plants and increase per-acre yield.

**SMK**

## Shwebo District completes harvesting more than 70,000 acres of summer sesame

SHWEBO August 11

A total of 73,834 acres of summer sesame has been reaped in Shwebo District of Sagaing Region this year, according to Shwebo District Agriculture Department.

Local farmers started harvesting of summer sesame in May this year, and they have so farm reaped 73,834 acres of summer sesame, yielding 17.02 baskets per acre.

Daw Zar Zar Min, Head of Shwebo Township Agriculture Department said: "All acres of summer sesame has been harvested in the township. Local farmers could expand sown acreage of summer sesame year after year. This year, they tried to exceed the target cultivation. Our department helped local farmers to use GAP system for boosting per-acre yield of sesame."

In Shwebo District, Shwebo Township reaped 7,145 acres of summer sesame, KhinU Township 523 acres, Wetlet Township 66,067 acres and Kyaukmyaung 99 acres, totalling 73,834 acres.

Local farmers planted 7,145 acres of sesame, KhinU Township 523 acres, Wetlet Township 66,067 acres and Kyaukmyaung 99 acres, starting from February till April this year. Relevant township agriculture departments helped local farmers to expand sown acreage of sesame, use GAP system and choose quality strains of crops.

**SK**

## Myinmu Township finishes cultivation of more than 2,000 acres of monsoon groundnut

MYINMU August 11

The statistics of Sagaing District Agriculture Department stated that a total of 2,013 acres of monsoon groundnut was cultivated in Myinmu Township of Sagaing Region.

The township earmarked 25,980 acres of groundnut but farmers have planted 2,013 acres against the target of cultivation.

"We planned to grow more than 20,000 acres of groundnut plants in Myinmu Township. So far, local farmers have planted more than 2,000 acres of groundnut. They are striving for increasing sown acreage of groundnut year by year," said Daw Thida Lwin, Head of Sagaing District Agriculture Department.

Local farmers need to use 1.5 baskets of groundnut seeds per acre in Myinmu Township, and cost labour charges, expenses of fertilizers and pests worth more than Ks-200,000. The plantations produce more than 50 baskets of groundnut per acre.

Agricultural staff make field trips to the groundnut plantations for prevention of pests and weeding.

**SK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Command and Control Centre to keep readiness of ambulances

YANGON August 11

GPS installed ambulances will be ready for operations of emergency rescue and treatment measures in Yangon Region under control of the Command and Control Centre, said Dr Zaw Htay, Chairman of Yangon Region Red Cross Supervisory Committee.

"It aims to implement Emergency medical service EMS system for saving life of patients in emergency period. These ambulances will be controlled by the Command and Control Centre of the regional head office. A total of 11 ambulances have been installed GPS system to be supervised by the command. Any ambulances have to provide aid to nearest patients and send them to nearby hospitals. Red Cross members have been provided training for conducting emergency care for patients," said Dr Zaw Htay.

It was reported that a total of 15 ambulances will be installed GPS under the command and control centre in Yangon Region for providing necessary aid to patients.

Yangon Region Red Cross Supervisory Committee manages 59 ambulances, 11 of which have been installed GPS facility to perform emergency medical service-EMS. **SK**

# More than 1,800 acres of vegetable plants thriving in Bamauk Township

BAMAUK August 11

Statistics of Katha District Agriculture Department indicated that a total of 1,826 acres of vegetable crops have been planted in Bamauk Township of Sagaing Region this monsoon.

In 2024-2025 monsoon season, the township planned to grow 2,690 acres of vegetable plants. But, local farmers have planted 1,826 acres of vegetables against the target cultivation.

U Myint Soe, Head of the District Agriculture Department, said: "Local farmers emphasize cultivation of mustard, chilli, tomato, eggplant, cabbage, cauliflower, ladyfinger and so on in the township. We educate local farmers to grow crops in GAP system and share agricultural techniques with them to produce least chemical residue."

The township Agriculture Department raises farmer awareness to expand sown acreage of vegetable plants, use GAP system and produce healthy crops with the use of natural fertilizers and pesticides.

Local farmers grow seasonal vegetable plants yearly. So, they can earn incomes for families. Township Agriculture Department helps those farmers use correct agricultural techniques, prevent pests, use natural fertilizers and pesticides. **SMK**

# 8,000 acres of monsoon paddy planted in Indaw Township this monsoon

INDAW August 11

Indaw Township Agriculture Department mentioned that a total of 8,000 acres of monsoon paddy was cultivated in Indaw Township of Sagaing Region this monsoon.

In 2024-2025 monsoon, Indaw Township earmarked 55,900 acres of monsoon paddy but local farmers planted 8,000 acres of monsoon starting from June this year.

"Monsoon paddy is cultivated with damming creeks and drains for water supply. Our department helps local farmers meet the target cultivation with agricultural techniques, agricultural inputs and prevention of pests to be able to produce quality paddy," said U Thein Khaing, Head of Indaw Township Agriculture Department.

In 2023-2024 monsoon, the township earmarked 55,980 acres of paddy but local farmers started cultivation of monsoon paddy on 55,795 acres in June 2023.

This year, local farmers nurtured paddy saplings in Indaw Township in June. They will grow paddy in September. Local farmers prefer to grow Ayeya Min, Lonthwehmwe, and Hsin Akari-3 paddy strains.

Staff of Township Agriculture Department educated local farmers to use quality strains of crops, making natural fertilizers, and timely cultivation of monsoon crops. **SMK**

# Death toll from heavy rains in Sudan rises to 53

KHARTOUM August 11

The death toll from the heavy rains, which have hit many Sudanese states, has climbed to 53, Sudan's Health Ministry said on Saturday.

"A total of 208 injuries have been recorded, including 53 deaths, while 9,777 families were affected," the ministry's Autumn Emergency Room said in a statement.

Nine states were affected, while more than 2,000 houses completely collapsed, and over 4,000 houses partially collapsed, it said.

The room added that 25 new cases of acute watery diarrhea were recorded on Friday, bringing the total cases to 192 in three states, including Kassala, Khartoum, and Gezira.


Flooding, a yearly occurrence in Sudan, typically happens between June and October. Over the past three years, heavy rains have claimed hundreds of lives and destroyed vast swathes of agricultural land.

**Xinhua**



The photo taken on August 10, 2024 shows a flood-destroyed house in Abu Hamad city in the River Nile State in northern Sudan.

# Pakistan committed to eradicating poliovirus by 2025



Pakistan committed to eradicating poliovirus by 2025.

ISLAMABAD August 11

Pakistani Prime Minister Shehbaz Sharif has said that his country is committed to completely eradicating poliovirus by 2025 and special measures are afoot to further enhance the vaccination coverage.

"A whole-of-government approach has been adopted to eradicate polio. We are doing our best to eradicate this deadly virus by 2025," said the prime minister while chairing a review meeting on anti-polio on Friday.

He said that all the resources of the state are being utilized for the complete elimination of polio from the country, adding that multiple doses of vaccine will be given to every child in Pakistan.

The provision of the polio vaccine should be ensured to every child in areas where there are security challenges, Sharif said, highlighting that the country has made significant progress against polio with the dedication of frontline workers and the support of partners.

Talking about the new polio cases registered recently in the South Asian country, the prime minister said that the emergence of new polio cases is worrisome, hoping that the crippling disease will be defeated with the support of provincial governments and partners.

Pakistan has so far reported 14 polio cases this year. A total of 11 cases have been reported from the southwestern Balochistan Province, two from the southern Sindh Province and one from the eastern Punjab Province.

**Xinhua**

# 10 drown in India's Punjab after vehicle swept away in flood water

NEW DELHI August 11

Ten members of a family drowned Sunday after a vehicle they were travelling in was swept away by flood water in the northern Indian state of Punjab, police said.

The vehicle was swept away in a rivulet near Jejon town of Hoshiarpur District, about 114 km northwest of Chandigarh, the capital city of Punjab.

According to police, the family hailing from neighboring Himachal Pradesh were on their way to Nawanshahr town in Shaheed Bhagat Singh Nagar District of Punjab to attend a wedding.

"The vehicle carrying victims was passing through the Jejon rivulet and it suddenly was swept away in the strong current of water," the police official said.

Officials said seven bodies have been fished out, while efforts were underway to trace the three missing persons.

**Xinhua**

# China holds first test of largest domestically-cargo drone - Reports

BEIJING August 11

A large twin-engine unmanned cargo aircraft, designed by China, has successfully finished first test flight in the Chinese southwestern province of Sichuan, China Central TV (CCTV)reported on Sunday.

The first test flight lasted about 20 minutes with all the systems working properly, the media said. The aircraft's wingspan is 16.1 meters (53 feet), height is estimated at 4.6 meters, the cargo volume is 12 cubic meters, while the maximum payload capacity is 2 tons, the broad-caster said.

Currently, this is the largest domestically produced unmanned cargo aircraft in China and it was developed in accordance with market demand, the broadcaster said. **Sputnik**

# Two more advisors to Bangladesh's interim gov't take oath

DHAKA August 11

Two more advisors of Bangladesh's new interim government took oath here on Sunday.

President Mohammed Shahabuddin administered oaths to Supradeep Chakma and Bidhan Ranjan Roy, who couldn't attend the swearing-in ceremony on Thursday.

Farooq-e-Azam, another advisor, is yet to be sworn in as he is still outside the country.

The new interim government led by Muhammad Yunus took their oaths of office on August 8 after the fall of the government led by Prime Minister Sheikh Hasina on August 5.


**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists warn Great Barrier Reef could disappear in next 30 years after making startling discovery

- **Great Barrier Reef suffers its worst summer on record**



The Great Barrier Reef draws more than two million tourists each year.

Scientists have sounded the alarm about the Great Barrier Reef's demise after making a starling discovery.

They found that ocean temperatures around the natural wonder are now the hottest in at least 400 years, reaching 0.34 degrees Fahrenheit above the previous record high.

Researchers warned that if the warming continues, the iconic ecosystem could disappear in the next 30 years.

The findings were made by drilling the cores of coral to identify geochemical changes and reconstruct past seasurface temperatures.

'If humanity does not divert from its current course, our generation will likely witness the demise of one of Earth's great natural wonders,' Benjamin Henley, the study's lead author at the University of Melbourne, wrote for The Conversation.

The research team, which spanned several Australian universities, analyzed long-lived corals in and around the reef.

These corals keep a record of ocean temperatures in their skeletons, which the researchers used to reconstruct sea surface temperatures from 1618 to 1995, alongside modern sea surface temperature measurements spanning 1900 to 2024.

Co-author Helen McGregor said it was like counting the rings of a tree to determine its age.

Their research concluded sea-surface temperatures in the Coral Sea were relatively stable and cool for centuries before rapid increases to unprecedented levels recorded between January and March, posing a danger to the reef.

The analysis revealed that ocean temperatures around the reef have climbed significantly since 1960, and five of the six hottest years on record occurred in the last decade.

'From 1960 to 2024, we observed annual average summer warming of 0.216F per decade,' researchers share in The Conversation.

The researchers linked this temperature rise to human-driven climate change.

'Right now the great barrier reef is in danger,' Henley told DailyMail.com.

'Severe mass bleaching events are likely to occur in the coming years.'

Scientists have long said additional loss of coral is likely to be a casualty of future warming as the world approaches the 2.7F threshold that countries agreed to try and keep warming under in the 2015 Paris climate agreement.

Even if global warming is kept under the Paris Agreement´s goal, which scientists say Earth is almost guaranteed to cross, 70 percent to 90 percent of corals across the globe could be threatened, the study's authors said.

Australia's Great Barrier Reef is the world's largest coral reef system, covering 133,000 square miles- an areal larger than the size of Italy - off the coast of Queensland. It's so big that it's visible from space.

This biodiversity hotspot is home to more than 9,000 known species, including 400 types of coral, 1,500 species of fish and 4,000 types of mollusks.

He's concerned that the frequency of mass bleaching events could increase as ocean temperatures continue to rise.

Having even one mass bleaching event per year would make it extremely difficult for corals to recover, he said, putting them at greater risk of death.

This summer, the Great Barrier Reef suffered its most extensive and extreme mass bleaching event on record, scientists at the Australian Institute of Marine Science said in a separate report published this week.

It was the reef's fifth mass bleaching event in just eight years.



Rising ocean temperatures are driving mass coral bleaching events in the Great Barrier Reef.

It also supports tourism, fishing and other commercial industries. The total economic value of the reef is estimated at US$-56 billion, and it supports roughly 64,000 jobs.

But that could soon change, scientists warn.

When ocean temperatures get too hot, it causes corals to expel the algae that lives in their tissues.

This process, known as coral bleaching, turns corals completely white, deprives them of their main food source and makes them more vulnerable to disease.

Corals can survive bleaching, but they need time to recover, Henley said.

This study offers a new perspective on how rising ocean temperatures have impacted the Great Barrier Reef over the long term, and how they will continue to impact the reef into the future, Henley said.

As climate change progresses, its affect on the Great Barrier Reef will be felt on both local and international scales, and in terms of both environmental and economic impacts.

'It's a place of spectacular beauty, and it's ecologically unique,' Henley said, adding, 'It's a very special place, and we are losing it.'

**Mail Online**

PARIS 2024 OLYMPICS

# ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်မှ ထင်ရှားကျော်ကြား အမျိုးသမီးစွမ်းဆောင်ရှင်အားကစားသမားများ




၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်မှာ ပထမဆုံးသောထင်ရှားမှုတစ်ခုက အမျိုးသားအားကစားသမားနဲ့ အမျိုးသမီး အားကစားသမားအရေအတွက် ညီတူညီမျှပါဝင်ခြင်းဖြစ်ပါတယ်။

ဒီတစ်ချက်က ဘာကိုဖော်ပြလဲဆိုတော့ အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ အားကစားကဏ္ဍမှာ အရည်အချင်းရှိစွာ စွမ်းဆောင်လာနိုင်ပြီလို့ဆိုနိုင်တဲ့ အချက်ပါပဲ။

ပဲရစ်အိုလံပစ်မှာ လာရောက်ယှဉ်ပြိုင်ကြတဲ့ အမျိုးသမီးအားကစားသမားတွေဟာ စံချိန်အသစ်တွေတင်နိုင်တယ်။ သမိုင်းမှတ်တိုင်အသစ်တွေကို စိုက်ထူလိုက်နိုင်တာကိုတွေ့ရပါတယ်။

ဒါကြောင့် ပဲရစ်အိုလံပစ်အားကစားပွဲတော်မှာ ထင်ရှားကျော်ကြားပြီး ဆုတံဆိပ်တွေဟာ သူတို့နဲ့ထိုက်တန်ကြောင်း သူတို့ရဲ့စွမ်းရည်များကို အစွမ်းကုန်ထုတ်ဖော်ပြသသွားကြတဲ့ အမျိုးသမီးစွမ်းဆောင်ရှင် အားကစားသမားများ အကြောင်းကို တင်ပြပေးလိုက်ရပါတယ်။

**ဂျော်ဂျီနာဘရေးရှော**

ဂျော်ဂျီနာဘရေးရှောဟာ အသက် ၁၅ နှစ်အရွယ်တုန်းက မြင်းစီးစဉ်မတော်တဆဖြစ်ပြီး ဦးခေါင်းထိခိုက်သွားတဲ့အတွက် ခန္ဓာကိုယ်ဘယ်ဘက်တစ်ခြမ်းအကြောသေကာ လမ်းတောင်မှပြန်မလျှောက်နိုင်လောက်တော့ဘူးလို့ သူ့ကိုယ်သူထင်ခဲ့သူပါ။

ဒါပေမဲ့လည်း တက္ကသိုလ်တက်စဉ်မှာ သူဟာ အိုလံပစ်ပွဲအတွက် လှေလှော်အားကစားနည်းလူရွေးပွဲမှာ ပါဝင်အရွေးခံခဲ့ရာ သူ့ရဲ့ပင်ကိုစွမ်းရည်တွေကို ထုတ်ဖော်ပြသနိုင်ခဲ့တဲ့အတွက် သူ့ရဲ့အသင်းဖော်များနဲ့အတူ အိုလံပစ်အားကစားပွဲဆီကို ရောက်လာခဲ့ပါတယ်။

သူတို့အသင်းက လေးယောက်တွဲလှေလှော်ပြိုင်ပွဲမှာ နယ်သာလန်အသင်းကို ကျော်တက်ပြီး ရွှေတံဆိပ်ဆုကိုရယူနိုင်ခဲ့ပါတယ်။

ဗြိတိန်နိုင်ငံမှ အားကစားသမားဖြစ်တဲ့ ဂျော်ဂျီနာဘရေးရှောကတော့ သူ့အနေနဲ့ နောက်ကွယ်ကနေ အားပေးမှုတွေအပေါ် ယုံကြည်မှုကြောင့် အခုလိုမျိုးအောင်မြင်မှုကိုရရှိခဲ့တာဖြစ်တယ်လို့ ပြောထားတာတွေ့ရပါတယ်။

**ဂျူလီယန်အယ်ဖရက်**

ဂျူလီယန်အယ်ဖရက်ဆိုတာ စိန့်လူရှားနိုင်ငံမှအပြေးသမားပါ။ သူဟာ မီတာ ၁၀၀ အပြေးပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုနဲ့ မီတာ ၂၀၀ အပြေးပြိုင်ပွဲမှာ ငွေတံဆိပ်ဆုတို့ကိုရရှိခဲ့သူပါ။

စိန့်လူရှားဆိုတဲ့နိုင်ငံက ကာရေဘီယံပင်လယ်ထဲက မထင်မရှားနိုင်ငံလေးပါ။ အဲဒီလိုနိုင်ငံလေးကလာတဲ့ ဂျူလီယန်အယ်ဖရက်တစ်ယောက် သူ့ရဲ့ဘဝတစ်လျှောက်လုံးကို ခြေဗလာဖြင့်ပြေးခြင်းနဲ့သာ လှုပ်ရှားခဲ့ရသူပါ။

သူဟာ ကျောင်းတက်ရင်လည်းပြေးရတယ်။ တစ်ခုခုသွားဝယ်လည်းပြေးသွားရတယ်။ ဘယ်နေရာကိုသွားသွား ပြေးသွားရသူဖြစ်တဲ့အပြင် အဲဒီလိုပြေးရာမှာလည်း ခြေဗလာနဲ့ပါပဲ။

သူတို့ဆီမှာရှိတဲ့ အားကစားကွင်းလေးက ပြည့်စုံမှုတွေမရှိတဲ့အတွက် အခုရတဲ့ ရွှေတံဆိပ်ဆုဟာ စိန့်လူရှားနိုင်ငံမှာ အားကစားကွင်းကောင်းကောင်းတစ်ခုကိုတော့ ဆောက်ပေးနိုင်ကောင်းပါရဲ့လို့ ယုံကြည်ထားတယ်လို့ သူကဆိုပါတယ်။

**လျူဟွန်း**

လျူဟွန်းဟာ တရုတ်နိုင်ငံမှ ပြေးခုန်ပစ်အားကစားသမားဖြစ်သလို ပြိုင်ပွဲတိုင်းမှာလည်းဆုပေါင်းများစွာကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ထူးခြားချက်က တရုတ်နိုင်ငံရဲ့ အိုလံပစ်ပြိုင်ပွဲဝင်အသက်အကြီးဆုံးအားကစားသမားဖြစ်နေခြင်းပါပဲ။

လျူဟွန်းအတွက် အခုအိုလံပစ်အားကစားပွဲတော်က ပဥ္စမမြောက်ဝင်ရောက်ယှဉ်ပြိုင်တဲ့ အိုလံပစ်အားကစားပွဲဖြစ်ပါတယ်။ အိုလံပစ်အားကစားပွဲတော်ကို လေးနှစ်တစ်ကြိမ် ကျင်းပတာကြောင့် သူ့ရဲ့အိုလံပစ်အားကစားသမားသက်တမ်းက အနှစ် ၂၀ ရှိနေပါပြီ။

၂၀၂၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်မှာတော့ သူ့အနေနဲ့ပါဝင်နိုင်ဖို့ တော်တော်လေးခက်ခဲလိမ့်မယ်ဆိုပြီးတော့ပြောထားပါတယ်။

**ဆင့်မွန်းဘိုင်း**

ဆင့်မွန်းဘိုင်းဆိုတာက အမေရိကန်ပြည်ထောင်စုမှ ကျွမ်းဘားအားကစားမယ်တစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၂၀ ပြည့်နှစ်တိုကျိုအိုလံပစ်မှာ စိတ်ကျန်းမာရေးအခြေအနေအရ ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့သလို အဲဒီနောက်ပိုင်းမှာလည်း ပြင်းထန်တဲ့ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

ဒါပေမဲ့ ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပွဲတော်မှာတော့ အဲဒီဝေဖန်မှုတွေအားလုံးအဆုံးသတ်သွားအောင် ကျွမ်းဘားအားကစားလေးမျိုးမှာ ရွှေတံဆိပ်သုံးခုနဲ့ ငွေတံဆိပ်တစ်ခုတို့ကို သိမ်းပိုက်ပြလိုက်နိုင်ပါတယ်။

ဆင့်မွန်းဘိုင်းရဲ့ အမျိုးသမီးထုအတွက် အမှာစကားကတော့ "ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်မြင်မှုတွေကြီးကြီးမားမားရရှိအောင် လုပ်စရာရှိတာကို ဆက်လုပ်ပါ။ စိတ်ပိုင်းနဲ့ ကိုယ်ပိုင်းကျန်းမာကြံ့ခိုင်နေသမျှကာလပတ်လုံး အိပ်မက်တွေကိုအကောင်အထည်ဖော်နိုင်ပါလိမ့်မယ်" ဆိုပြီး ပြောထားတာဖြစ်ပါတယ်။

**ယေလာဂူရာမာဇနိုဗာ၊ နာဒါဟာဖက်**

ယေလာဂူရာမာဇနိုဗာနဲ့ နာဒါဟာဖက်တို့က နိုင်ငံချင်းလည်းမတူသလို ပါဝင်ယှဉ်ပြိုင်ကြတဲ့ အားကစားနည်းချင်းလည်း မတူကြပါဘူး။ ယေလာဂူရာမာဇနိုဗာက ဥဇဘက်ကစ္စတန်မှ မြားပစ်အားကစားသမား။ နာဒါဟာဖက်က အီဂျစ်မှဓားရေးပြအားကစားသမားဖြစ်ပါတယ်။

ဒါပေမဲ့ သူတို့မှာတူညီတဲ့ အချက်တစ်ခုရှိပါတယ်၊ အဲဒါဘာလဲဆိုတော့ နှစ်ယောက်စလုံးက ကိုယ်ဝန်အရင့်အမာနဲ့ကို အိုလံပစ်အားကစားပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်ကြခြင်းပဲဖြစ်ပါတယ်။

ယေလာဂူရာမာဇနိုဗာက ကိုယ်ဝန်ခြောက်လခွဲနဲ့ နာဒါဟာဖက်က ကိုယ်ဝန်ခုနစ်လရှိနေပါပြီ။ ယေလာဂူရာမာဇနိုဗာက သူ့အနေနဲ့နောက်ဆုံးအနိုင်ယူမယ့်မြားကိုမပစ်ခင် ဗိုက်ထဲကကလေးက သူ့ကိုကန်လိုက်တာကို ခံစားလိုက်ရပါတယ်လို့ အပြုံးပန်းဝေဝေဆာဆာဖြင့် ပြန်ပြောပြထားပါတယ်။

**ကျန်းချင်းဝမ်**

ကျန်းချင်းဝမ်ဆိုတာက တရုတ်နိုင်ငံမှ တင်းနစ်အကျော်အမော်ပါ။ ပြိုင်ပွဲအတွင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာ ခရိုအေးရှားကိုအနိုင်ယူပြီး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သူဖြစ်ပါတယ်။

သူရယူနိုင်ခဲ့တဲ့ရွှေတံဆိပ်ဆုဟာ အာရှနိုင်ငံသားတစ်ဦးအနေနဲ့ အိုလံပစ်အားကစားပွဲတော်ရဲ့အမျိုးသမီးတစ်ဦးချင်း အားကစားပွဲမှာ ပထမဆုံးရွှေတံဆိပ်ဆုကို ရရှိခြင်းဖြစ်ပါတယ်။

"အိပ်မက်နောက်ကိုလိုက်ပြီး အကောင်အထည်ဖော်ရာမှာ ရည်မှန်းချက်တွေကိုချမှတ်ရပါတယ်။ ဒါပေမဲ့ အိပ်မက်ကိုအရယူမယ့်ခရီးလမ်းတစ်လျှောက်မှာတော့ ခက်ခဲမှုတွေ၊ အတားအဆီးတွေကိုတွေ့ရမှာပါ။ သို့ပေမယ့်လည်း ရှုံးနိမ့်မှုတိုင်းကအောင်မြင်မှုဆီသွားမယ့် လှေကားထစ်ဖြစ်တာကြောင့် ပျော်ပျော်ကြီးသာရှေ့ဆက်သွားပါ" ဆိုပြီး အမှာစကားပြောထားတာကို တွေ့ရပါတယ်။

Ref: Xinhua

**ကိုထက်**

# ပဲရစ်အိုလံပစ်၌ အမေရိကန်က ရွှေတံဆိပ်အများဆုံးနှင့် ဆုတံဆိပ်အများဆုံးဆွတ်ခူးပြီး ဗယားထိပ်ဆုံးတွင်ရပ်တည်



ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၁၁ ရက်အထိကျင်းပသည့် ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပွဲတော်၌ အမေရိကန်နိုင်ငံက ရွှေတံဆိပ်ဆုအများဆုံးနှင့် ဆုတံဆိပ်အများဆုံးဆွတ်ခူးပြီး ဗယားထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ထိုအားကစားပွဲတော်သို့ အမေရိကန်နိုင်ငံမှ အားကစားသမား ၅၉၂ ဦးက အားကစားနည်း ၃၄ မျိုးတွင်ပါဝင်ယှဉ်ပြိုင်ကာ ဆုတံဆိပ်အများဆုံး ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ထိုသို့ပါဝင်ယှဉ်ပြိုင်ရာတွင် ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ် ၁၄ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ရှစ်ခု၊ စက်ဘီးစီးနှင့် ကျွမ်းဘားအားကစားနည်းတို့မှ ရွှေတံဆိပ်သုံးခုစီ၊ နပန်းနှင့်ဓားရေးပြအားကစားနည်းတို့မှ ရွှေတံဆိပ်နှစ်ခုစီ၊ သေနတ်ပစ်၊ ဘတ်စကက်ဘော၊ လှေလှော်၊ အလေးမ၊ ဘောလုံး၊ ဂေါက်သီးရိုက်နှင့် ရေလွှာလျှောစီး အားကစားနည်းတို့မှ ရွှေတံဆိပ်တစ်ခုစီဖြင့် စုစုပေါင်းရွှေတံဆိပ်အခု ၄၀ ကိုရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အမေရိကန်နိုင်ငံကိုယ်စားပြုအားကစားအဖွဲ့သည် ငွေတံဆိပ်စုစုပေါင်း ၄၄ ခုနှင့် ကြေးတံဆိပ်စုစုပေါင်း ၄၂ ခု တို့ကို ရရှိကာ ဆုတံဆိပ်စုစုပေါင်း ၁၂၆ ခုဖြင့် ဗယားထိပ်ဆုံးတွင်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အမေရိကန်နည်းတူ ရွှေတံဆိပ်အခု ၄၀ ရရှိခဲ့သော်လည်း ရရှိသည့်ဆုတံဆိပ်စုစုပေါင်းအရေအတွက် ကွာခြားမှုကြောင့် ဒုတိယအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

တရုတ်နိုင်ငံကိုယ်စားပြု အားကစားအဖွဲ့က ရွှေတံဆိပ် ၄၀၊ ငွေတံဆိပ် ၂၇ ခု၊ ကြေးတံဆိပ် ၂၄ ခု စုစုပေါင်းဆုတံဆိပ် ၉၁ ခုရရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏အောက်တွင် ဂျပန်နိုင်ငံက ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၃ ခု စုစုပေါင်းဆုတံဆိပ် ၄၅ ခုဖြင့် တတိယနေရာကိုရရှိသည်။

စတုတ္ထနေရာကို ဩစတြေးလျက ဆုတံဆိပ်စုစုပေါင်း ၅၃ ခုဖြင့်လည်းကောင်း၊ ပဥ္စမနေရာကို ပြင်သစ်က ဆုတံဆိပ်စုစုပေါင်း ၆၄ ခုဖြင့်လည်းကောင်းရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် နယ်သာလန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ အီတလီနှင့် ဂျာမနီနိုင်ငံတို့က ဆုတံဆိပ်ရရှိမှုထိပ်ဆုံး ၁၀ နိုင်ငံ ဗယားတွင် အစဉ်လိုက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref: Olympics

**K.H**

# ခု( စ် )ဒေသသို့ ယူကရိန်းတို့၏ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရုရှားတွန်းလှန်တုံ့ပြန်လိုက်နိုင်ဟုဆို

**ဝါရှင်တန်၊ နိုင်ငံရေး**

သံချပ်ကာယာဉ်များအသုံးပြု၍ ခု(စ်) ဒေသသို့ ထိုးဖောက်ရန် ကြိုးပမ်းသည့် ယူကရိန်းတို့၏ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရုရှားတပ်ဖွဲ့များက တွန်းလှန်တုံ့ပြန်လိုက်နိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၁ ရက်တွင်ထုတ်ပြန်ထားသည်။

"ဒီနေ့တစ်နေ့လုံး ရှေ့တန်းမှာရှိနေတဲ့ ရုရှားတပ်ဖွဲ့တွေအနေနဲ့ သံချပ်ကာယာဉ်တွေပေါ်မှာလိုက်ပါလာတဲ့ ရုရှားနယ်မြေကိုကျူးကျော်သူ ယူကရိန်းတပ်ဖွဲ့တွေကို လေတပ်ပစ်ကူ၊ ဒရုန်းပစ်ကူနဲ့ အမြောက်ပစ်ကူတို့ကိုရယူပြီး ချေမှုန်းနိုင်ခဲ့ပါတယ်" ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုသို့တုံ့ပြန်တိုက်ခိုက်မှုအတွင်း အမေရိကန်နိုင်ငံထုတ် Stryker အမျိုးအစားယာဉ်သုံးစီးအပါအဝင် သံချပ်ကာယာဉ် ခုနစ်စီးနှင့် မော်တော်ယာဉ်နှစ်စီးတို့ကို ဖျက်ဆီးလိုက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ရုရှားတပ်ဖွဲ့သည် ခု(စ်)ဒေသအတွင်း အခြေစိုက်နေသည့် ယူကရိန်းတပ်ဖွဲ့များ၏နေရာသို့ အမြောက်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်ရာ ယူကရိန်းကွပ်ကဲမှု ဌာနချုပ်ကို ချေမှုန်းလိုက်နိုင်သည်ဟု ထုတ်ပြန်ချက်တွင်ပြောထားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း ယူကရိန်းဘက်မှ စစ်သည် ၃၅ ဦးသေဆုံးကာ တင့်ငါးစီး၊ သံချပ်ကာတိုက်ယာဉ် လေးစီးနှင့် မော်တော်ကားသုံးစီးတို့ကို ဖျက်ဆီးလိုက်နိုင်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။



ယူကရိန်းတို့အနေဖြင့် ယခုကဲ့သို့ဝင်ရောက်တိုက်ခိုက်မှုသည် ကျူးကျော်မှုဖြစ်ကာ ယင်းတို့၏ပစ်မှတ်များမှာအရပ်သားများဖြစ်သည်ဟု ရုရှားတာဝန်ရှိသူများကပြောသည်။ ထို့ပြင် ယခုကျူးကျော်မှုအတွင်း ယူကရိန်းဘက်က စစ်သည် ၁၁၀၀ နှင့် သံချပ်ကာယာဉ်အစီး ၁၄၀ တို့ကိုဆုံးရှုံးထားကြောင်း ရုရှားကထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်မှုများလုပ်ဆောင်ရခြင်းသည် ရုရှားတို့၏တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ရုရှားနှင့်ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အားသာချက်တစ်ခုရရှိစေရေးဖြစ်သည်ဟု ယူကရိန်းတာဝန်ရှိသူများကပြောသည်။

**Ref: RT**

# တရုတ်က အီရန်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ကာကွယ်မှုကို ထောက်ခံအားပေး

**ပေကျင်း၊ နိုင်ငံရေး**

အီရန်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် တိုင်းပြည်စည်းလုံးညီညွတ်ရေးကို ကာကွယ်ရေးတို့အတွက် လုပ်ဆောင်မှုများကို တရုတ်နိုင်ငံက ထောက်ခံအားပေးသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဩဂုတ်လ ၁၁ ရက်တွင်ပြောသည်။




ဝမ်ယီသည် အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ဇူလိုင်လ ၃၁ ရက်တွင် အီရန်နိုင်ငံမြေပေါ်၌ဖြစ်ပွားခဲ့သော ဟားမက်နိုင်ငံရေးအကြီးအကဲ အစ္စမေးဟားနီယေး လုပ်ကြံခံရမှုကို ရှုတ်ချကြောင်းနှင့် ထိုသို့လုပ်ဆောင်ခြင်းသည် အီရန်၏အချုပ်အခြာအာဏာကိုချိုးဖောက်ပြီး ဒေသတွင်းတည်ငြိမ်ရေးကိုပျက်စီးစေသည်ဟု ဝမ်ယီကပြောသည်။

အလားတူ ဟားနီယေးကိုလုပ်ကြံမှုက ဂါဇာအရေးဆွေးနွေးပွဲကို ပျက်စီးစေနိုင်ကြောင်းနှင့် ဒေသတွင်းလုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း ဝမ်ယီကပြောသည်။

ထို့ကြောင့် အီရန်နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုကာကွယ်မှုအတွက် တရုတ်နိုင်ငံကအားပေးထောက်ခံခြင်းဖြစ်ကြောင်းနှင့် အီရန်နှင့်အနီးကပ်ဆက်ဆံရေးကို ထိန်းသိမ်းသွားရန်အသင့်ရှိကြောင်း ဝမ်ယီကပြောသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါလုပ်ကြံမှုကို အစ္စရေးနိုင်ငံက ကျူးလွန်ခြင်းဖြစ်သည်ဟု ဟားမက်အဖွဲ့နှင့် အီရန်အစိုးရက စွပ်စွဲထားသော်လည်း အစ္စရေးက ထိုစွပ်စွဲချက်ကိုငြင်းပယ်ခြင်းမရှိသကဲ့သို့ လက်ခံခြင်းလည်းမရှိသည်ကို တွေ့ရသည်။

**Ref: RTA**

# တရုတ်နှင့်တင်းမာနေစဉ် အမေရိကန်လွှတ်တော်ကိုယ်စားလှယ်များ တရုတ်(တိုင်ပေ)သို့ရောက်ရှိ

**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးတင်းမာနေစဉ် အမေရိကန်လွှတ်တော်ကိုယ်စားလှယ် လေးဦးပါအဖွဲ့က တရုတ်(တိုင်ပေ)သို့ ဩဂုတ်လ ၁၁ ရက်တွင်ရောက်ရှိလာကြောင်းသိရသည်။

အမေရိကန်အောက်လွှတ်တော်မှ ဒီမိုကရက်တစ်ပါတီဝင်လေးဦးသည် တရုတ်(တိုင်ပေ)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း တရုတ်(တိုင်ပေ)၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့ကို အမတ်မယ်ရီလင်းစထရစ်လန်းက ဦးဆောင်လာကာ တရုတ်(တိုင်ပေ)၌ ဩဂုတ်လ ၁၅ ရက်အထိနေထိုင်မည်ဖြစ်သည့်အပြင် အမေရိကန်-တရုတ်(တိုင်ပေ)ဆက်ဆံရေးနှင့် ထိုင်ဝမ်ရေလက်ကြားရှိ လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပီလိုဆီက တရုတ်(တိုင်ပေ)သို့ လာရောက်ပြီးနောက် ထိုင်ဝမ်ရေလက်ကြားတွင် တင်းမာမှုများမှာမြင့်တက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံက ထိုင်ဝမ်ကျွန်းကိုနိုင်ငံ၏ ခွဲထုတ်၍မရသော အစိတ်အပိုင်းတစ်ခုအဖြစ်သတ်မှတ်ထားစဉ် အမေရိကန်၏ ယခုကဲ့သို့လုပ်ရပ်များကြောင့် နှစ်နိုင်ငံကြားတင်းမာမှုများမှာလည်း မြင့်တက်လာရခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Sputnik**

# ပန်ဂျပ်ပြည်နယ်၌ရေကြီးမှုအတွင်း ကားတစ်စီးရေစီးနှင့်အတူမျောပါ ၁၀ ဦးသေဆုံး

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ဖြစ်ပွားသော ရေကြီးမှုတစ်ခုအတွင်း မိသားစုတစ်စုလိုက်ပါလာသည့် မော်တော်ကားတစ်စီးမှာ ရေစီးနှင့်အတူမျောပါသွားသောကြောင့် အဆိုပါယာဉ်ပေါ်ပါသူ ၁၀ ဦးသေဆုံးသွားကြောင်း ပန်ဂျပ်ပြည်နယ်ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါမော်တော်ကားသည် ပန်ဂျပ်ပြည်နယ်၏မြို့တော်ဖြစ်သော ချန်ဒီဂါမြို့မှ ၁၁၄ ကီလိုမီတာအကွာ ဟိုရှီယာပူရခရိုင်ရှိ ဂျီဂျွန်မြို့အနီး ချောင်းငယ်ကိုဖြတ်သန်းစဉ် ရေစီးနှင့်အတူမျောပါသွားခြင်းဖြစ်သည်။

မော်တော်ကားတွင်လိုက်ပါလာသူများသည် ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်မှဖြစ်ပြီး မင်္ဂလာဆောင်ပွဲတစ်ခုသို့တက်ရောက်ရေးအတွက် ပန်ဂျပ်ပြည်နယ်ရှိ နာဝမ်ရှားမြို့သို့လာရောက်စဉ် ယခုကဲ့သို့အဖြစ်ဆိုးနှင့်ကြုံဆုံရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"မိသားစုတွေလိုက်ပါလာတဲ့ကားက ဂျီဂျွန်ချောင်းငယ်ကိုဖြတ်သန်းနေစဉ်မှာပဲ ချောင်းအတွင်းရေစီးသန်တာကြောင့် အဲဒီကားက ရေစီးနဲ့အတူမျောပါသွားတာပါ" ဟု ရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။ သေဆုံးသူများအနက် အလောင်းခုနစ်လောင်းကိုသာဆယ်ယူနိုင်သေးကြောင်းသိရသည်။ **Ref: Xinhua**

# ဗြိတိန်ဆူပူအုံကြွမှုအတွင်း အဖမ်းခံရသူ ၈၀၀ နီးပါးရှိ

**လန်ဒန်၊ ပြည်တွင်းရေး**

ဗြိတိန်နိုင်ငံတစ်ဝန်း၌ ဖြစ်ပွားသည့် ဆူပူအုံကြွမှုများအတွင်း အဖမ်းခံရသူ စုစုပေါင်း ၈၀၀ နီးပါးရှိကြောင်း အမျိုးသားရဲချုပ်များကောင်စီက ဩဂုတ်လ ၁၀ ရက်တွင်ထုတ်ပြန်ထားသည်။

ဇူလိုင်လကုန်တွင် ဓားထိုးတိုက်ခိုက်မှုတစ်ခုမှစတင်လိုက်သည့် ဆူပူအုံကြွမှု၌ အဖမ်းခံရသူ ၇၇၉ ဦးရှိပြီး ၎င်းတို့အနက် ၃၄၉ ဦးကို တရားစွဲဆိုထားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါဓားထိုးတိုက်ခိုက်မှု၌ ကလေးငယ်သုံးဦးသေဆုံးခဲ့ရပြီး ထိုတိုက်ခိုက်မှုကို ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက လုပ်ဆောင်ခြင်းဖြစ်သည်ဟုဆိုကာ နိုင်ငံတစ်ဝန်း၌ ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယခု သီတင်းပတ်အကုန်တွင်မူ နောက်ထပ်ဆူပူအုံကြွမှု ထပ်မံဖြစ်ပွားလာနိုင်သည်ဟု ရဲတပ်ဖွဲ့ကယူဆခဲ့သော်လည်း ဆန္ဒပြမှုအနည်းငယ်သာ ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။

ထိုဆူပူအုံကြွမှုများကြောင့် ဗြိတိန်ဝန်ကြီးချုပ်က မိသားစုအားလပ်ရက်ခရီးကိုဖျက်သိမ်းကာ နိုင်ငံ၌ပင်နေထိုင်ပြီး အရေးပေါ်အစည်းအဝေးသုံးခုကို ကျင်းပသည်။

နိုင်ငံအတွင်း ဆူပူအုံကြွမှုများရပ်တန့်စေရေးအတွက် ဖမ်းဆီးမှုများနှင့်အမိန့်ချမှတ်မှုများကို အမြန်ဆုံးလုပ်ဆောင်သွားမည်ဟု ဝန်ကြီးချုပ်က သတိပေးထားစဉ် လူ ၃၀ ခန့်ကို ထောင်ဒဏ်များချမှတ်ထားကြောင်းသိရသည်။

**Ref: Xinhua**

# ဆရာတော်ကြီးများအား ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်နေမှုကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဆရာတော်ကြီးများ သီတင်းသုံးရာ ကျောင်းတိုက်များအရောက် ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သာကေတမြို့နယ်(၁၀)တောင်ရပ်ကွက်ရှိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆန်၊ ဆီများအား ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းခြံစည်းရိုး အုတ်တိုင်နှင့် အုတ်တံတိုင်းများအား သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရောဂဏ်လမ်းမပေါ်ရှိ ရောဂဏ်မြောင်းမကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးမှ စက်ယန္တရားဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူများကရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေစီးရေလာ ကောင်းမွန်ရေး၊ ချောင်းအနက်တူးဖော်ရရှိရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်း) ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ၊နဝကမ္မအလှူငွေများ၊ ဆန်၊ ဆီများအားဆက်ကပ်လှူဒါန်းကြပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါဘုန်းတော်ကြီးကျောင်းများအတွင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းကုသိုလ်ယူလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံ**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များစတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲပွဲစဉ်များအဖြစ် (အမျိုးသား) အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ ဆက်လက်ပြီး (အမျိုးသမီး) အုပ်စုပတ်လည်ပွဲစဉ်များကိုယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ်လ ၁၂ ရက် **(ယနေ့)** နံနက် ၈ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့်မြန်မာနိုင်ငံသူ မသီတာအောင်နှင့် မခင်မြတ်နိုးဝင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ အလုပ်သမားရေးရာနှင့်စပ်လျဉ်းသည့် ဌာနများသို့ ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘက်မှ ပို့ဆောင်သူများ၊ ဒူဘိုင်းဘက်မှ အေဂျင်စီများထံ ဆက်သွယ်၍ ကာယကံရှင်များ နေရပ်သို့ ပြန်လည်ထွက်ခွာနိုင်ရေး ဆောင်ရွက်ပေးရန် ညှိနှိုင်းပေးခြင်းနှင့် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများအတွက် သက်သေခံလက်မှတ်များထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူနှစ်ဦးမှ မသီတာအောင်သည်ဩဂုတ်လ ၉ ရက်တွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး မခင်မြတ်နိုးဝင်းသည် ဩဂုတ်လ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့်မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက




မခင်မြတ်နိုးဝင်း

နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး**

**ညိမ်းသူ(သတင်းစဉ်)**

● **ကျောဖုံးမှအဆက်**

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် တည်ငြိမ်မင်းက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၅ မိနစ်တွင် ရန်ကျော်ထွေးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံးအပြန်အလှန် တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ကြပြီး ပွဲချိန် ၅၅ မိနစ်တွင် အာကာက ရတနာပုံအက်ဖ်စီအသင်းအတွက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၅၈ မိနစ်တွင် လှိုင်းဘိုဘို၊ ပွဲချိန် ၇၆ မိနစ်နှင့် ၈၆ မိနစ်တွင် ဇော်ဝင်းသိန်း နှင့် ပွဲချိန် ၉၄ မိနစ်တွင် အောင်မျိုးခန့်တို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက်ချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို ၅ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ်လ ၁၂ ရက် **(ယနေ့)**ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၁

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# သစ္စာတရားခိုင်မြဲမှု၏သင်္ကေတ၊ အောက်ချင်းငှက်နှင့်မျိုးသုဉ်းမှုအန္တရာယ်



အရေးကြီးသည့် ငှက်မျိုးစိတ်များနှင့် အခြားဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာနေရာဒေသ(Important Bird Area –IBA)ဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်၊ မျိုးသုဉ်းမှုအန္တရာယ်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသော ငှက်မျိုးစိတ်များနှင့်အခြားဇီဝမျိုးစုံမျိုးကွဲ များနေထိုင်ကျက်စားကြပြီး စနစ်တကျထိန်းသိမ်းရန်လွန်စွာအရေးကြီး သည့် နေရာများဖြစ်သည်။

အောက်ချင်းငှက်သည် မြန်မာနိုင်ငံတွင် ရှားပါးစွာတွေ့ရသော တောရိုင်းတိရစ္ဆာန်များထဲတွင်ပါဝင်ပြီး မြန်မာနိုင်ငံအတွင်း အမြဲနေထိုင် လေ့ရှိသည့်ငှက်အမျိုးအစားလည်းဖြစ်သည်။ ကမ္ဘာပေါ်၌ အောက်ချင်း ငှက်များတွေ့ရှိနိုင်သောနေရာဒေသများမှာ အာဖရိက၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင်လည်း တွေ့ရှိရသည်။ အဆိုပါအောက်ချင်းငှက်ကို မြန်မာနိုင်ငံ၏ကွင်းပြင်နှင့် တောင်ခြေများတွင်တွေ့ရှိနိုင်ပြီး အများအားဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးရိုးမ တောင်တန်းများနှင့်သစ်တောများ၌ တွေ့ရှိနိုင်သည်။

အောက်ချင်းငှက်သည် မျိုးစိတ်ပေါင်း ၁၅ မျိုးခန့်ရှိပြီး မြန်မာနိုင်ငံတွင် အောက်ချင်းငှက်မျိုးစိတ်ပေါင်း ၁၀ မျိုးရှိကာ ယင်းအောက်ချင်းငှက်မျိုး စိတ်များမှာ အောက်ချင်း၊ အောက်ချင်းလည်နီ၊ လည်ဖြူအောက်ချင်းညို၊ အောက်ချင်းညို၊ အောက်ချင်းမျက်ကွင်းဖြူ၊ အောက်ချင်းခေါင်းဖြူ၊ အောင်လောင်၊ အောက်ချင်းလည်ဝါ၊ ဂေါရင်၊ အောက်ချင်းမြီးရှည်တို့ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အောက်ချင်းငှက်၊ အောင်လောင်ငှက်နှင့်အောက်ချင်း မြီးရှည်ငှက်တို့ အများဆုံးနေထိုင်ကျက်စားသည်ကိုတွေ့ရသည်။ အောက်ချင်းငှက်များသည် ချင်းပြည်နယ်အတွင်း နေထိုင်ကျက်စားကြပြီး အောက်ချင်းမြီးရှည်ငှက်များကို တနင်္သာရီတိုင်းဒေသကြီးတွင် အများဆုံး တွေ့ရကာ ယင်းမျိုးစိတ်မှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ် နှင့်ရင်ဆိုင်နေရသော မျိုးစိတ်လည်းဖြစ်သည်။

အောင်လောင်ငှက်ကိုမူ မြန်မာပြည်နေရာအချို့နှင့် ချင်းပြည်နယ် တို့တွင်အောက်ချင်းငှက်ဟုခေါ်ဆိုပြီး အခြားနေရာများတွင်အောင်လောင် ငှက်ဟု ခေါ်ဆိုကြသည်။

အောက်ချင်းငှက်များသည် ဆောင်းအကုန်နွေအကူး ဇန်နဝါရီလမှ ဧပြီလအတွင်း ဥဥလေ့ရှိတတ်ကြပြီး တစ်ကြိမ်ကို တစ်လုံးမှသုံးလုံး အထိ ဥကြသည်။ ဥဝပ်ချိန်သည် တစ်လခွဲမျှကြာမြင့်လေ့ရှိပြီး ၃၈ ရက်မှ ရက် ၄၀ အတွင်း သားပေါက်ကြသည်။ သားပေါက်သည့်အချိန်တွင် အမနှင့်သားပေါက်လေးသည် ပိတ်ထားသည့်အသိုက်ပေါက်ကိုဖောက်၍ အောက်ချင်းငှက်အထီးဆီမှအစာရရှိစေရန် ထပ်ကာထပ်ကာအော်မြည် ကြသည်။ အောက်ချင်းငှက်အထီးသည် ငါးလလောက်အထိ အမနှင့် သားငယ်ကို အစာကျွေးသည့်အပေါက်မှအစာများကိုအန်ကျွေးသည်။ သားပေါက်သောအခါ ဥဝပ်သည့်သစ်ပင်ကြီး၏ အမြင့်ဆုံးထိပ်ဖျားမှာ အသိုက်လုပ်၍နေလေ့ရှိကြသည်။ အောက်ချင်းငှက်များ၏ချစ်ခြင်း မေတ္တာတရားကြီးမားမှုနှင့်သစ္စာရှိမှုတို့သည် လွန်စွာလေးစားဖွယ် ကောင်းသော်လည်း ငှက်အထီးဖြစ်စေ၊ ငှက်အမဖြစ်စေ အသက် ဘေးအန္တရာယ်ကြုံတွေ့နေရသည်ကိုတွေ့ရှိပါက လိုက်လံသေဆုံးလေ့ ရှိသည်မှာ ရင်နင့်စရာကောင်းလှသည်။

အောက်ချင်းငှက်သည် မြန်မာနိုင်ငံ၏လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင်ပါဝင်ပြီး အောက်ချင်းငှက်များ သားပေါက်ရာဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် အတွင်းရှိ ဧရိယာ ၁၂၃၄၄ ဒသမ ၈ ဧကကို မီအေပီတောင်အမျိုးသား ဥယျာဉ်အဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၁၀ ရက်မှစတင်၍လည်းကောင်း၊ ဖလမ်းမြို့နယ်အတွင်းရှိ ဧရိယာ ၉၉၈၄ ဒသမ ၂၈ ဧကကိုဇိန်မူတောင် အမျိုးသားဥယျာဉ်အဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၁၁ ရက်မှစတင်၍လည်း ကောင်း၊ ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ ၆၈၀၄ ဒသမ ၅၀ ဧက ကို ကျီရီးယန်းတောင်အမျိုးသားဥယျာဉ်အဖြစ် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၈ ရက်မှစတင်၍လည်းကောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အသီးသီးသတ်မှတ်ထုတ်ပြန်ခဲ့သည်။

ရှားပါးမျိုးစိတ်နှင့်မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသော နို့တိုက် သတ္တဝါများနှင့်ငှက်မျိုးစိတ်များဖြစ်သည့် အောက်ချင်း၊ အောင်လောင်၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ ဇာမဏီငှက်၊ အပင်မျိုးစိတ်များ၊ သစ်ခွမျိုးစိတ် များတည်ရှိရာဒေသတစ်ခုဖြစ်သော ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်၊ ကန်ပက်လက်နှင့်မတူပီမြို့နယ်တို့အတွင်းတည်ရှိသည့် ဝိတိုရိယ(ခေါ်) ခေါ်နူးစုမ်(ခေါ်)နတ်မတောင်(အကျယ်အဝန်း ၁၇၆၂၀၂ ဧက)ကို ၁၉၆၃ ခုနှစ်တွင် ဘောလီမိုးကြိုးဝိုင်းအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် (Important Bird Area –IBA) အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေ အနှစ်အဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့်သတ်မှတ်ခဲ့ကြသည်။

အလားတူ ၂၀၁၉ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း (BANCA)က ဦးဆောင် ၍ အောက်ချင်းမြီးရှည်ငှက်ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများအတွက် သုတေသနပြုဆောင်ရွက်ရာ တနင်္သာရီတိုင်းဒေသကြီးတောင်ဘက် ပိုင်းရှိ သစ်တောကြိုးဝိုင်းများသည် အောက်ချင်းမြီးရှည်ငှက်နေထိုင် ကျက်စားရာ အဓိကနေရာများအဖြစ် လေ့လာတွေ့ရှိခဲ့ကြသည်။

ချင်းပြည်နယ်၏အထိမ်းအမှတ် အောက်ချင်းငှက်များ မျိုးသုဉ်း ပျောက်ကွယ်လာရခြင်းအကြောင်းရင်းမှာ ဒေသတွင်းရှိငှက်မုဆိုးများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရောင်းချခြင်း၊ သစ်တောများပျက်စီးပြုန်းတီးလာ မှုနှင့် ဒေသအလိုက်သဘာဝသားကောင်များ၊ သဘာဝသစ်တောများကို ထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် အောက်ချင်း ငှက်အား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒေသခံပြည်သူများအားလုံး လက်တွဲညီညီပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောက်ချင်းငှက်များ လွတ်လပ်စွာရှင်သန်ခွင့်ရမည်ဖြစ်ကြောင်း ရေးသားတင်ပြပေးလိုက် ရပါသည်။ ။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

# အခြေခံဝါးလက်မှုသင်တန်းဖွင့်ပွဲကျင်းပ

**ရေဖြူ ဩဂုတ် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ကျေးလက်နေလူငယ်များ အလုပ် အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူ ပြု အခြေခံဝါးလက်မှုသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၁ ရက်တွင် ဝန်ဖို့ကျေးရွာ စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေဖြူမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိဦးမြင့်ဦးအောင်က အခြေခံဝါးလက်မှု သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ သင်တန်းမှ သင်ယူ တတ်မြောက်မည့် လက်မှုပညာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာက သင်တန်းတွင် သင်ကြားပို့ချမည့်ဝါးဖြင့် လက်မှုပညာအမျိုးမျိုးပြုလုပ်နည်းများနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် တာဝန်ရှိသူ များက အခြေခံဝါးလက်မှုသင်တန်းတွင် အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို သင်တန်းနည်းပြဆရာထံ လွှဲပြောင်း ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝန်ဖို့ကျေးရွာမှ သင်တန်းသား ၁၀ ဦးတက်ရောက်ပြီး ဩဂုတ်လ ၁၁ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိ တစ်လကြာ အခမဲ့ဖွင့်လှစ် သင်ကြားမည်ဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။

**အိပိုးပိုး**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ် နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိ ပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဗိုလ်လောင်းလျှောက်လွှာများ
## အချိန်မီပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နေ မောင်သော်ဇင်(ဘ)ဦးစိုးလင်း မွေးစာရင်းအရ ၂၃-၇-၂၀၂၁(MH 662828)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၃၃၈၇၁၁**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့ အ.ထ.က(၁)၊ Grade(8) မှပညာသင်ကြားနေသော မောင်ထက်အာကာဖြိုး၏ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၉/မထလ(နိုင်)၀၆၂၉၄၃ ဖြစ်ပါကြောင်း။

**ဦးခင်မောင်အေး**

**အမည်ပြောင်း**

မိတ္ထီလာမြို့ အ.ထ.က(၁)၊ Grade-8 မှ ပညာသင်ကြားနေသော အဘ ဦးအောင်ကျော်သောင်း၊ အမိ ဒေါ်ခင်မာလင်းတို့၏သမီး မယွန်းမာလာအောင်အား မယဉ်မင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယဉ်မင်းမြတ်**

**ပျောက်ဆုံးကြောင်း**

အုံကြီးအနောက်ဘက်ကျေးရွာ၊ ဦးအောင်ဇေယျာလမ်း၊ ဒလမြို့နယ်နေ မောင်သက်ဝေနိုင်(ဘ)ဦးငွေနိုင်၁၂/ဒလန(နိုင်)၀၆၆၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၂၅၁၁၄၃၃**

## မကွေးမြို့နယ် ရေငံကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှုကို ကွင်းဆင်းစစ်ဆေး

မကွေး ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ရေငံကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှုကို ဩဂုတ်လ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းငွေ၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေငံကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် ပြောကြားသည်။

မကွေးမြို့နယ် ရေငံကျေးရွာ၌ အလျား ပေ ၁၄၀၊ အနံပေ ၁၀၀၊ အနက် ၇ ပေရှိသော မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်း၊ အလျားပေ ၆၀၊ အနံ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မရှိ နှုန်းထိန်းတမံတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၃ ဒသမ ၈ သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏စုဖွဲ့မှုဖြင့် ဇွန်လ ၁ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ဟိုပုံးမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ဟိုပုံး ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သာသနာ့ဗိမာန်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု(၁၅)(တောင်ကြီး)တို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၀ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီး သန်းငွေအောင်က အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု(၁၅) (တောင်ကြီး) တပ်ဖွဲ့စုမှူး မျိုးဇင်က လူကုန်ကူးမှုဖြစ်ပွားနိုင်သည့် အကြောင်းအရာများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရန်နည်းလမ်းများ၊ လူကုန်ကူးရန် Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုကို သတိပြုရှောင်ရှားရန်နည်းလမ်းများ၊ အငှားကိုယ်ဝန်ဆောင်ခြင်းနှင့်ပတ်သက်သော အကြောင်းအရာများနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေစသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေး သူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးကြောင်း သိရသည်။

**ချမ်းမြေ့**

## အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

နတ်မောက် ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ်လ ၉ ရက်က လူထုအခြေပြုဗဟိုဌာန Community Centre ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတ ကြွယ်ဝသည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရန် ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များ၏ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေးခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲသို့ နတ်မောက်မြို့နယ်အတွင်းရှိအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)၊ အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)တို့မှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား ဩဂုတ်လ ၁၂ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**



# မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ခံစစ်ကစားသမားနှစ်ဦးဖြစ်သည့် ဒီလစ်နှင့် မာဇာရာဝီ တို့ကို ခေါ်ယူနိုင်ခဲ့ကြောင်းအတည်ပြု




မန်ချက်စတာ ဩဂုတ် ၁၁

မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ခံစစ်ကစားသမားနှစ်ဦးဖြစ်သည့် ဗဟိုခံစစ်ကစားသမား ဒီလစ်နှင့် တောင်ပံခံစစ်ကစားသမား မာဇာရာဝီ တို့ကိုခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် လိုအပ်သည့်ကစားသမားခေါ်ယူမှုများလုပ်ဆောင်လျက်ရှိပြီး အစောပိုင်းကလည်း လိုင်လီအသင်းမှ ဗဟိုခံစစ်ကစားသမားယိုရိုနှင့် ဘိုလော့ဂ်နာအသင်းမှ တိုက်စစ်ကစားသမား ဇက်ဇီး တို့ကိုခေါ်ယူနိုင်ပြီးနောက် ယခုအခါ ဒီလစ်နှင့် မာဇာရာဝီတို့ကို တစ်ပြိုင်တည်းခေါ်ယူခြင်းဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းမှ ခံစစ်ကစားသမားများ မကြာခဏဒဏ်ရာပြဿနာများနှင့်ရင်ဆိုင်နေရသောကြောင့် အသင်းရလဒ်ပိုင်း ထိခိုက်ခဲ့သည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းခံစစ်ပိုင်းကို အဓိကပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် လိုင်လီအသင်းမှ ခေါ်ယူထားသည့် ယိုရိုသည် ဒဏ်ရာကြောင့် သုံးလခန့်အနားယူရမည်ဖြစ်သည့်အတွက် ခံစစ်ပိုင်းကို ပိုမိုအင်အားဖြည့်တင်းခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလအစပိုင်းကတည်းက ဒီလစ်နှင့် မာဇာရာဝီတို့နှစ်ဦးကို ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ကစားသမားနှစ်ဦးနှင့် အစောပိုင်းကတည်းက ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားကာ အသင်းမှကစားသမားတချို့ကို ရောင်းချရန်ကြိုးပမ်းနေသည့်အတွက် အနည်းငယ်ကြန့်ကြာနေခဲ့ပြီး လက်ရှိတွင် အသင်းမှ ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာကို ဝက်စ်ဟမ်းအသင်းထံ ရောင်းချနိုင်ပြီးနောက် ဒီလစ်နှင့် မာဇာရာဝီတို့ကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဒီလစ်အတွက် ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းအပြင် အပိုဆုကြေး ယူရိုငါးသန်းနှင့် မာဇာရာဝီအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းအပြင် အပိုဆုကြေး ယူရိုငါးသန်းပေးချေခဲ့ရပြီး ဝမ်ဘစ်ဆာကာကို ဝက်စ်ဟမ်းအသင်းထံ ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ဘရန့်ဖို့ဒ်အသင်းက လီဗာပူးအသင်းမှ လူငယ်တိုက်စစ်ကစားသမား ကာဗယ်ဟိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ ဘာစီလိုနာအသင်းက လက်ရှိကစားသမား အပြောင်းအရွှေ့ကာလမပြီးဆုံးမီ အသင်းမှ ကွင်းလယ်ကစားသမား ဒီဂျောင်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့်ရောင်းချရန်ကြိုးပမ်းနေကြောင်း သိရသည်။

■ ဘိုင်ယန်မြူးနစ်အသင်းမှ ရောင်းချရန်ကြိုးပမ်းနေသည့် တောင်ပံကစားသမား ကိုးလ်မန်းကို မန်စီးတီးအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

■ အတ္တလန်တာအသင်းက ဆဲလ်တစ်အသင်းမှ မက်အိုရီလီကို ပြောင်းရွှေ့ကြေးယူရို ၂၃ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဆဲလ်တစ်အသင်းက ယူရို ၂၈ သန်းအထိအလိုရှိနေကြောင်း သိရသည်။

■ မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်က အသင်းပြောင်းရွှေ့ကစားမည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းပြီးနောက် လာမည့်ဘောလုံးရာသီတွင် အသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချယ်လ်ဆီးအသင်းက အရောင်းစာရင်းတင်သွင်းထားသည့် တိုက်စစ်ကစားသမား လူကာကူနှင့် ခံစစ်ကစားသမား ချာလိုဘတ်တို့ကို အသင်းနှင့်ပူးပေါင်းခွင့်ပိတ်ပင်ထား

လန်ဒန် ဩဂုတ် ၁၁

ချယ်လ်ဆီးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အရောင်းစာရင်းတင်သွင်းထားသည့် တိုက်စစ်ကစားသမား လူကာကူနှင့် ခံစစ်ကစားသမား ချာလိုဘတ်တို့ကို အသင်းနှင့်ပူးပေါင်းခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားအများအပြားခေါ်ယူပြီးနောက် လက်ရှိတွင် အသင်းမှ ကစားသမားများကို ပြန်လည်ရောင်းချရန်ပြင်ဆင်နေပြီး ရောင်းချမည့်ကစားသမားစာရင်းတွင် လူကာကူနှင့်ချာလိုဘတ်တို့ကို ထည့်သွင်းထားသည်။

ချယ်လ်ဆီးအသင်းသည် ၎င်းတို့နှစ်ဦးကို အရောင်းစာရင်းတင်သွင်းထားသည့်အတွက် လက်ရှိတွင် အသင်းအနေဖြင့် ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသော်လည်း ၎င်းတို့နှစ်ဦးကို အသင်းနှင့်ပူးပေါင်းခွင့်မပြုဘဲ လူငယ်အသင်းများနှင့်သာပူးပေါင်းစေပြီး လေ့ကျင့်ခန်းများပြုလုပ်စေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမား ၁၂ ဦးအထိ ခေါ်ယူပြီးနောက် ချာလိုဘတ်နှင့် လူကာကူတို့အပြင် ဘရိုဂျာနှင့် ဖိုဖာနာတို့ကိုလည်း အငှားစာချုပ် သို့မဟုတ် အပြီးသတ်ရောင်းချရန် ကြိုးပမ်းနေသည်။

လက်ရှိတွင် ချာလိုဘတ်သည် ချယ်လ်ဆီးအသင်း၌ လက်တွဲခဲ့ဖူးသည့် နည်းပြဟောင်း ကွန်တီတာဝန်ယူကိုင်တွယ်လျက်ရှိသော နာပိုလီအသင်းသို့ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်နေသော်လည်း တရားဝင်ဆွေးနွေးမှုများမရှိသေးဘဲ လူကာကူကိုလည်း ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန်ကြိုးပမ်းနေပြီး လူကာကူက ဥရောပမှ ကလပ်အသင်းတစ်သင်း၌သာကစားလိုသည့်အတွက် ချယ်လ်ဆီးအသင်းအနေဖြင့် ရောင်းချနိုင်ခြင်းမရှိသေးဘဲကြန့်ကြာနေပြီး လက်ရှိ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Football London*

# ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များနှင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်တို့ကြောင့် The 2025 Finalissima ဗိုလ်လုပွဲကျင်းပမည့်ရက်ကို အတည်မပြုနိုင်သေး

ဗျူနိုအေးရိစ် ဩဂုတ် ၁၁

The 2025 Finalissima ဗိုလ်လုပွဲကျင်းပမည့်ရက်ကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များနှင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်တို့ကြောင့် အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဗိုလ်လုပွဲကို တောင်အမေရိကဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်၏ ကိုပါအမေရိကဖလားချန်ပီယံဆုဆွတ်ခူးနိုင်သည့်အသင်းနှင့် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ယူရိုဖလားချန်ပီယံဆု ဆွတ်ခူးနိုင်သည့်အသင်း နှစ်သင်းတို့ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။

ယခုနှစ်တွင် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းက ချန်ပီယံဆုဆွတ်ခူးထားပြီး ယူရိုပြိုင်ပွဲတွင် စပိန်အသင်းက ချန်ပီယံဆုဆွတ်ခူးထားသည့်အတွက် လာမည့် The 2025 Finalissima ဗိုလ်လုပွဲကို အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လာမည့် ၂၀၂၅ ခုနှစ်တွင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များနှင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များ ကစားရန်ရှိနေသည့်အတွက် The 2025 Finalissima ဗိုလ်လုပွဲကျင်းပမည့်ရက်ကို သတ်မှတ်ရန် ခက်ခဲနေကာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ တောင်အမေရိကဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့ ဆက်လက်ညှိနှိုင်းပြီးမှသာ ဗိုလ်လုပွဲကျင်းပမည့်ရက်ကို အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ *Ref;The Telegraph*



# ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မိုင်းယောင်း ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၀ ရက် ညနေပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင်မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဝင်များက မြို့နယ်အတွင်းဖွင့်လှစ်နေသည့် ကာရာအိုကေဆိုင်များနှင့် ပတ်သက်၍ တင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် လုပ်ငန်းရှင်များက လိုင်စင်လျှောက်ထား ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇော်မင်းဆွေက ကာရာအိုကေလုပ်ငန်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးပြောကြားကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**

# သမဝါယမအသင်း ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု ဖကျောက်ကျေးရွာ၌ သမဝါယမအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ဩဂုတ်လ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမာနွယ်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် သမဝါယမသဘောတရား၊ ကျင့်ဝတ်၊ အနှစ်သာရနှင့် သမဝါယမအခြခံမူများ စသည့် သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အကြီးတန်းစာရေး ဒေါ်နန်းလျှိုးရှဲန်မုန်းက သမဝါယမအသင်းဝင်အသစ်များအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီဖွဲ့စည်းပေးခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ ဖွဲ့စည်းထားရှိသည့် သမဝါယမအသင်းများကိုလည်း ကျစ်လျစ်ခိုင်မာစွာဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အကြီးတန်းစာရေး ဒေါ်အေးအေးအောင်က သမဝါယမအသင်းမိသားစုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရေး စသည့်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးရွာတာဝန်ခံနှင့် ရပ်မိရပ်ဖများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမာနွယ်က ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**မောင်အိုးစည်၊ မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မိုင်းခတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၀ ရက် ညနေပိုင်းတွင် မိုင်းခတ်မြို့နယ် မြို့မအားကစားကွင်း၌ကျင်းပသည်။

ဘောလုံးဗိုလ်လုပွဲတွင် အာခါ(FC) အသင်းနှင့် KMA(FC)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အာခါ(FC)အသင်းမှ KMA(FC) အသင်းကို ပယ်နယ်တီကန်သွင်းကာ ၇ ဂိုး - ၅ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ပထမဆုရရှိသော အာခါ(FC)အသင်းအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများ၊ ဒုတိယဆုရရှိသောKMA(FC)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများ၊ ရှေ့တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပြစ်ဒဏ်အနည်းဆုံး အသန့်ရှင်းဆုံးအသင်းဆု၊ ပွဲစဉ်တစ်လျှောက်တွင် အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့များနှင့် အခြေခံပညာအထက်တန်းကျောင်းမှ သရုပ်ပြအကအဖွဲ့အားဂုဏ်ပြုလက်ဆောင်များကိုဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းအေးမောင်တို့ကတက်ရောက်အားပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၌ နယ်လှည့်အသိပညာပေးလှုပ်ရှား ဆောင်ရွက်

**မိုင်းပျဉ်း ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်အသိပညာပေးလှုပ်ရှားဆောင်ရွက်ခြင်းကို ဟောင်ကန်ကျေးရွာအုပ်စု ဝမ်ယန်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဩဂုတ်လ ၁၀ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဝမ်ကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ မွန်းလွဲပိုင်းတွင်လည်းကောင်း သွားရောက်ဆောင်ရွက်သည်။

ထိုကဲ့သို့ နယ်လှည့်အသိပညာပေးလှုပ်ရှားဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းသန္တာဦးက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို အသိပညာပေးဆွေးနွေးဟောပြောပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကိုလည်း ပြသပေးကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၁၀၀ လွှဲပြောင်းပေးအပ်



**မိုင်းဆတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လ ၁၀ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန် က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးဌေးက စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာတစ်ရွာအား ငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာအား ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၂၁၀၀ ကို ကျေးရွာကော်မတီဝင်များထံ အသီးသီးလွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

## လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။


# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၄) လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Fake Fur Fabric မီတာ ၁၁၅၀၀)၊ Article of Use–Screen Net ခြင်လုံဇကာ ကီလိုဂရမ်(၃၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၃၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ထောက်ခံချက် တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် Bacillus Clausil Spore Suspension ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ဆေး (၁၀)ဘူးနှင့်ကိုရီးယားနိုင်ငံထုတ် Flash Lamp မီးအိမ်(၂)ခု အပါအဝင် ကုန်ပစ္စည်း(၃၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် 100% Polyester ကီလိုဂရမ် (၁၇၀၀၀)အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၈ ရက်**တွင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၄၂၀)၊ ဓာတ်ဆီဂါလန်(၃၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၅၆၄၄၀)ကိုလည်းကောင်း၊ **ဩဂုတ်လ ၉ ရက်**တွင် ဖျာပုံခရိုင်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန်(၇၀)၊ ဓာတ်ဆီ (၆၅)ဂါလန်၊ ဆီပန့်(၃)လုံး အပါအဝင် ဆက်စပ်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၂၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၃၈၄၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၉ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းအနီး၌ လိုင်စင်မဲ့ Toyota BB မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၉ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗလမင်းထင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်(၆)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန်(၁၃၆၅၀)၊ ကြက်သွန်ဖြူ ကီလိုဂရမ်(၁၄၀၀၀) ၊ စားတော်ပဲ ကီလိုဂရမ် (၂၄၀၀၀)၊ Semi–Refined Paraffin Wax ကီလိုဂရမ်(၄၀၀၀) ၊ Solar Panel 600 W (၂၁၆) ချပ်၊ Hydraulic Hose မီးကြိုး ကီလိုဂရမ်(၄၅၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၈၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck (၅)စီးနှင့် I Zone Oil Bowser ဆီသယ်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၈၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် K–Broad Wireless Speaker (၃၁) လုံးအပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၂၀၈၄၄၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thant Zin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(ဧ) ရပ်ကွက်နေ သန့်ဇင်အောင်အား နံနက် ၁ နာရီ ၅ မိနစ်အချိန်တွင်လည်းကောင်း၊ “Ma Ma Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၃) ရပ်ကွက်နေ မေနွယ်မိုး(ခ)ပုံ့ပုံ့အား ည ၆ နာရီ ၁၀ မိနစ်အချိန်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**■ ကျောဖုံးမှအဆက်**

ပလတ်စတစ်ဆပ်ပြာခွက် ၁၉၈၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါကတည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၆၀၇၃၀၊ ၀၂ ၄၀၂၄၅၉၅၊
၀၂ ၄၀၂၁၂၀၂၊ ၀၂ ၂၈၄၈၄၄၁
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER )(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင်ဖြစ်ပါသည် . . .**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်းဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၇ ရက် နံနက် ၉ နာရီတွင် ကလေးမြို့နယ် ကလေးဝမြို့ အမှတ်(၁)ရပ်ကွက် ကလေးဝ-ကလေးသွားကားလမ်းတွင် မြင့်ဇော်မောင်းနှင်ပြီး မင်းခန့်ကျော်(ခ)ကိုကို လိုက်ပါလာသည့် FUSO ၆ ဘီး ခရီးသည်တင်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံ တန်ဖိုးရှိ စာမျက်နှာ ၂၉ ကော်လံ ၅ ■



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် နေရာများ၌ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်**

စာ - ၁၆ သို့

**အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ငွေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူး**

စာ - ၁၅ သို့

**တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၉ သို့

# MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ နောက်ကျသွင်းဂိုးများဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက ၅ ဂိုး ၂ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ●

